# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် တန်ခူးလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 28 March 2018 ၉၂၄၂


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

# (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပ

# နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အမျိုးသားရေးအသိနှင့်ယှဉ်ကာ ဆက်လက်ဆောင်ရွက်သွားမည်




(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် စစ်ရေးပြစစ်ကြောင်းကြီးများ ချီတက်လာစဉ်။

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စစ်ရေးပြကွင်းကြီး၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်၍ အလေးပြုခြင်းကိုခံယူပြီး မိန့်ခွန်းပြောကြားသည်။

ယနေ့ နံနက် ၅ နာရီတွင် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ကြမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ တပ်မတော်(ကြည်း)အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ တပ်မတော်(ရေ) အထူးစစ်ဆင်ရေးတပ်ဖွဲ့(Navy SEALs)၊ အမျိုးသမီးအထူးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြကွင်းကြီးသို့ ချီတက်ကြသည်။

စစ်ကြောင်းကြီးများ ချီတက်ချိန်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ ကြိုဆိုကြသည်။

> **❛ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေလိုအပ်သည့်အတွက် တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်လျက်ရှိ ❜**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည် မိသားစုများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည် မိသားစုများ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများချီတက်ရာ လမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်ကြသည်။

ထိုကဲ့သို့စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၂၄၃၄ ဦးတို့သည် ဇာတိသွေး၊ ဇာတိမာန် အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆို ချီတက်လာကြပြီး စစ်ရေးပြကွင်းကြီးအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

စစ်ရေးပြအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆




ကြေးမုံ

# နိုင်ငံတော်ကို စောင့်ရှောက်ကာကွယ်

အမျိုးသားခေါင်းဆောင်ကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ဖွဲ့စည်းခဲ့သော တပ်မတော် မြန်မာနိုင်ငံတွင် အစွန့်ရှည် ထည်ဝါစွာ ရပ်တည်နေသည်မှာ နှစ်ပေါင်း ၇၀ ကျော်ပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် တပ်မတော် စတင်သန္ဓေတည် ပေါ်ပေါက်လာစဉ်မှ ယနေ့ ကာလအထိတိုင် ပြည်တွင်း၊ ပြည်ပ အန္တရာယ်ရန်စွယ်တို့ကို တွန်းလှန်ကာကွယ်ခဲ့ကြသည်။

နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လွတ်လပ်ရေးရရှိရေး ကြိုးပမ်းမှုကာလများတွင်သာမက ပြည်တွင်းလုံခြုံမှု၊ ပြည်ပကျူးကျော်မှု တို့ကို နိုင်ငံနှင့် ပြည်သူအား ကာကွယ်စောင့်ရှောက်ပေးခဲ့သည်။ ထို့အပြင် ပြည်တွင်းငြိမ်းချမ်းရေး၊ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင်လည်း ပါဝင်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

တပ်မတော်သည် အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ဦးလည်မသုန်ထမ်းဆောင်လျက်ရှိပြီး တိုင်းပြည်တွင် အရေးကိစ္စ ကြုံလာတိုင်း၊ တိုင်းပြည်အတွက် အန္တရာယ်ဖြစ်ပေါ်လာတိုင်း ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ခဲ့သည်မှာ အမှန်ဖြစ်သည်။ နိုင်ငံတော်၏ ပိုင်နက်နယ်မြေကို တစ်လက်မမျှ အထိမခံရရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မထိပါးလာရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များကို ကျေပွန်စွာထမ်းရွက်လျက်ရှိသည်။

တပ်မတော်ကို တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားပြီး ပြည်ထောင်စုကြီးကို ကိုယ်စားပြုသည့် တပ်မတော်အဖြစ် ရပ်တည်လျက်ရှိသည်။ တပ်မတော်အနေဖြင့် အဓိကဦးထိပ်ပန်ဆင်ထားသည်မှာ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန် ဖြစ်သည်။ (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်ကို လေ့လာ ကြည့်မည်ဆိုလျှင် အဆိုပါအချက်များအား ရည်ညွှန်းထားသည်ကို တွေ့ရသည်။

နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံး ညီညွတ်ရေးတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော် မှ ကူညီဆောင်ရွက်ပေးရေးကို ဦးတည်ထားသည်။ ပါတီစုံဒီမိုကရေစီစနစ် လမ်းကြောင်းနှင့်အညီ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်ရေးအတွက် လည်း ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် တပ်မတော်သည် ဥပဒေနှင့် အညီ ပူးပေါင်းဆောင်ရွက်နေသည်။ နိုင်ငံတကာနှင့်ယှဉ်၍ တပ်မတော် ကို ခေတ်မီတပ်မတော်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် လေ့လာခြင်း၊ လေ့ကျင့်ခြင်း၊ လိုက်နာခြင်းဟူသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ်မြင့်မားရေးကို စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်နေသည်ကို တွေ့ရသည်။

နိုင်ငံတစ်နိုင်ငံ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် တပ်မတော် သည် အရေးကြီးသော အဖွဲ့အစည်းဖြစ်သည်။ တပ်မတော်အင်အားရှိမှ သာလျှင် တိုင်းပြည်မပြိုကွဲအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တပ်မတော် အင်အားလျော့နည်း၍ နယ်ချဲ့တို့က သုံးကြိမ်သုံးခါ ကျူးကျော်စစ်ဆင်နွှဲပြီး မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့သည်ကို သတိမူရမည်ဖြစ်သည်။ ထိုစဉ်အခါ က မြန်မာ့တပ်မတော်ကြီး အင်အားတောင့်တင်းခိုင်မာလျှင် နယ်ချဲ့တို့ ကျူးကျော်သိမ်းပိုက်နိုင်လိမ့်မည်မဟုတ်ချေ။

နိုင်ငံတော်ကို တပ်မတော်က ကာကွယ်စောင့်ရှောက်ရာ၌ ပြည်သူ တို့၏ ထောက်ခံအားပေးမှုသည် အရေးကြီးသဖြင့် စည်းလုံးညီညွတ်စွာဖြင့် လက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။ မျက်မှောက်ကာလတွင် ပြည်တွင်းရန်၊ ပြည်ပရန်များရှိနေသေးသောကြောင့် နိုင်ငံတော်ကို ထာဝစဉ်ကာကွယ်စောင့်ရှောက်သွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

# ကျောက်ကြီးမြို့ ရေတံခွန်များတွင် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ပြီ

**ကျောက်ကြီး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီး မြို့နယ်အတွင်းရှိ ရေတံခွန်များတွင် ပြည်တွင်းခရီးသွားများ နေ့စဉ် အများ အပြား လာရောက်လည်ပတ်လျက်ရှိ ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်တွင် စပ်လှဲ ရေတံခွန်၊ သောသောမူ၊ သောသော ခွား စသည့် ရေတံခွန်များရှိပြီး ယခင် က နယ်မြေလုံခြုံမှုနည်းပါးခဲ့ခြင်း ကြောင့် ရေတံခွန်များ ဖွင့်လှစ်မှု နည်းပါးခဲ့သော်လည်း လက်ရှိတွင် နယ်မြေလုံခြုံမှု အပြည့်အဝပေးနိုင်ပြီဖြစ် သဖြင့် ခရီးသွားပြည်သူများ ရေတံခွန် သို့ လာရောက်လေ့လာ အပန်းဖြေရာ တွင် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင် ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေတံခွန်များသို့ သွားရောက် လည်ပတ်မည်ဆိုပါက ရန်ကုန်မြို့မှ ၁၄၅ မိုင်ခန့်ဝေးပြီး ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်းဆိုပါက ၉၉ မိုင် လေးဖာလုံခန့်သွားလျှင် ရောက်ရှိမည် ဖြစ်သည်။

“စပ်လှဲရေတံခွန်က ကျောက်ကြီးနဲ့ သုံးမိုင်အကွာမှာရှိတယ်၊ သောသော မူနဲ့ သောသောခွားကတော့ ကျောက်ကြီးကနေ တော်တော်သွားရ တယ်၊ အနည်းဆုံး ၁၀ မိုင်လောက် တော့ ဝေးမယ်၊ အဲဒါက ရွှေကျင်နဲ့ ကျောက်ကြီး ကြားမှာရှိတာပါ၊ အဲဒီကို သွားရတာ နည်းနည်းခက်တယ်။ ဒါပေမယ့် အခုတော့ လမ်းဖောက်လိုက် ပါပြီ၊ အဲဒါလည်း အခုဖွင့်တော့ ဖွင့်နေပါပြီ၊ အရင်တုန်းက သွားလို့ မရပေမယ့် အခုတော့ ကားနဲ့ သွားလို့ ရနေပါပြီ၊ သောသောခွားက ဖွင့်တာ နှစ်လလောက်ပဲ ရှိသေးတယ်၊ အရင်တုန်းက ဖွင့်လိုက်၊ ပိတ်လိုက်ပဲ၊ အခုတော့ အမြဲတမ်းဖွင့်ထားပါ တယ်”ဟု ဒေသခံ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစော ကီဒိုးက ပြောသည်။



အဆိုပါရေတံခွန်များသို့ နေ့စဉ် ခရီးသွားပြည်သူ လာရောက်လည်ပတ် မှု တစ်ရာဝန်းကျင်ခန့် လာရောက်ကြ ပြီး အစိုးရရုံးပိတ်ရက်များနှင့် အခါကြီး ရက်ကြီးများတွင် ခရီးသွား သုံးရာ နှင့်အထက် လာရောက်လည်ပတ် ကြောင်း သိရသည်။

ကျောက်ကြီးမြို့နယ်သည် ထန်း တပင်၊ သံတောင်ကြီး၊ ရွှေကျင်၊ ကျောက်တံခါးမြို့နယ်များနှင့် နယ်နိ မိတ်ချင်း ထိစပ်လျက်ရှိပြီး ရေတံခွန် များသို့ သွားရောက်လည်ပတ်ရင်း သဘာဝတောင်တော အလှအပ များကို ကြည့်ရှုခံစားနိုင်သည့်အပြင် တန်ခိုးကြီးဘုရားများကိုလည်း ဖူးမြော် ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ရန်အောင်ထွန်း(ပိန်းဇလုပ်)**

# သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြော

**ထန်းတပင် မတ် ၂၇**

၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းများ မဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိ စေရေးနှင့် မီးဘေးလုံခြုံရေးတို့အတွက် ကျေးရွာနေ ပြည်သူများအား အသိပညာပေးဟောပြောခြင်း လုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်မီးသတ် ဦးစီးဌာနတို့ပူးပေါင်း၍ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင် မြို့နယ် တူးချောင်းကျေးရွာ ရွာမပဋ္ဌာန် မဟာစည် ရိပ်သာ တပ်ဦးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရ သည်။



ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ခိုင်ထွန်းက မီးဘေးလုံခြုံရေး အတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးခိုး အန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရမည့် နည်းစနစ်များအကြောင်း၊ မီးလောင်မှုဖြစ်ပွားပုံများ၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက ဆက်သွယ် ဆောင်ရွက်ရမည့် ဖုန်းနံပါတ်များအား ဆက်သွယ် ဆောင်ရွက်ကြရန် အသိပညာပေးဟောပြောခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဗီဒီယို ပြသခြင်းများကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဝင်းက ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း မှုခင်းများ ဖြစ်ပွားမှုမရှိစေရေး၊ မူးယစ်ဆေးဝါး အန္တရာယ်များနှင့် ယာဉ်မောင်းသူများ သတိပြု လိုက်နာရန် အချက်များ၊ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေးတို့အတွက် အုပ်ထိန်းသူမိဘ များနှင့် ကလေးလူငယ်များမှ သတိပြုလိုက်နာ ဆောင်ရွက်ရမည့်အချက်များနှင့် မှုခင်းဖြစ်စဉ်များ ၏ ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာ ပေးဟောပြောခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေး အသိပညာပေး လက်ကမ်းစာစောင်များနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာ ပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

# သမဝါယမလယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် ပံ့ပိုးချေးငွေများပေးအပ်ပွဲ ညောင်တုန်းမြို့၌ ကျင်းပ

**ညောင်တုန်း မတ် ၂၇**

ညောင်တုန်းမြို့နယ်အတွင်းရှိ ရွှေရည်ဝင်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားပိုင် လယ်ယာမြေများအား အဆင့်မြှင့်တင်ခြင်းနှင့် ပံ့ပိုးငွေပေးအပ်ပွဲကို မတ် ၂၆ ရက်က ပါလှဲကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်မာအေးက သမဝါယမ လယ်ယာမြေများအား အဆင့်မြှင့်တင် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိက လယ်ယာမြေပြုပြင်ခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် တိုင်းသမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦးက လိုအပ်သည်များနှင့် ဆောင်ရွက်ရမည့် အကြောင်းအရာများကို ပြောကြားသည်။

ဆက်လက်၍ မြေယာပြုပြင်ရန်အတွက် သမဝါယမအသင်း လေးသင်းမှ အသင်းသား ၆၄ ဦး၊ ဧက ၅၆၀ အတွက် ပံ့ပိုးချေးငွေစုစုပေါင်း ၂၀၁ ဒသမ ၆၀ ကျပ်သန်းကို တာဝန်ရှိသူများက ပေးအပ်ရာ အသင်းသားတစ်ဦးက ပံ့ပိုး ချေးငွေများရရှိခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ညောင်တုန်းမြို့နယ်အတွင်းရှိ ရွှေရည်ဝင်းစိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမအသင်းလီမိတက်၏ အသင်းသားပိုင် လယ်ယာမြေများအား အဆင့်မြှင့်တင်ခြင်းနှင့် ပံ့ပိုးငွေပေးအပ်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့် အခြေခံ သမဝါယမအသင်းများမှ အသင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**ထွန်းကျော်(ညောင်တုန်း)**

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

# (၇၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား ဂါရဝပြု

**နေပြည်တော် မတ် ၂၇**

(၇၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသော တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသည်။

အဆိုပါ ဂါရဝပြုကန်တော့သည့်အခမ်းအနားသို့ အငြိမ်းစား တပ်မတော်အရာရှိကြီး ၃၁ ဦးနှင့် ဇနီး ၁၂ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တက်ရောက်လာကြသူများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများအား မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံအငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ် သူရစောဖြူ(ငြိမ်း)၊ ဗိုလ်ချုပ် မောင်မောင်(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း) တို့က ဩဝါဒစကားပြောကြားကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများထံ ဂါရဝပြု လက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ပေးအပ်ကြသည်။

ထို့အတူ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ဘုရင့်နောင်ရိပ်သာတွင် ခေတ္တတည်းခိုနေထိုင်လျက်ရှိသော (၇၃)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တပ်မတော်အငြိမ်းစားအရာရှိများထံ သွားရောက်၍ တစ်ဦးချင်းစီ လိုက်လံတွေ့ဆုံပြီး ခင်မင်ရင်းနှီးစွာ ဂါရဝပြု နှုတ်ဆက်စကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်(BIA)မှ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်ရရှိပြီး ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံနှင့် အခြားနေရာများတွင် ယာဉ်ထိန်းတာဝန်အဆင့်ဆင့်ကို ကျွမ်းကျင်ပိုင်နိုင်စွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သဖြင့် ပြည်သူအများချစ်ခင်လေးစားကြသော လက်ရှိ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်နေ အသက်(၉၇)နှစ်အရွယ်ရှိ ဘဘဦးညွန့်တင်



(လက်ကောက်ညွှန့်တင်) အပါအဝင် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်ရရှိသူ ခုနစ်ဦး၊ ဒုတိယအဆင့်ရရှိသူ ရှစ်ဦးနှင့် တတိယအဆင့်ရရှိသူ ငါးဦး စုစုပေါင်း ၂၀ တို့အား ဘုရင့်နောင်ရိပ်သာ၌ ဂါရဝပြုတွေ့ဆုံပြီး အားဖြည့်ဌက်သိုက် အာဟာရများနှင့် ဂါရဝပြုငွေများအား တစ်ဦးချင်း ဂါရဝပြုပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ တို့က တည်ခင်းဧည့်ခံသည့် ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဥပစာရင်ပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးသိန်းစိန်နှင့်ဇနီး၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများနှင့် ဇနီးများ၊ လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ရေးပြမှူးကြီးနှင့် စစ်ကြောင်းမှူးများ၊ စွမ်းရည်ဘွဲ့ရရှိသူများနှင့် အမွေခံများ၊ NCA လက်မှတ် ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီ တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည် တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့် ဇနီးတို့သည် အခမ်းအနားကျင်းပသည့် ဥပစာရင်ပြင်သို့ ရောက်ရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ ယင်းနောက် ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပစဉ်တွင် (၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးတို့က တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

(၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ညစာစားပွဲအပြီးတွင် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဇေယျာသီရိဗိမာန်သဘင်ဆောင်ခန်းမ၌ ယဉ်ကျေးမှုပဒေသာကပွဲများဖြင့် ကပြဖျော်ဖြေသည်။ ကပြဖျော်ဖြေမှုအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကပြဖျော်ဖြေကြသည့် အနုပညာရှင်များ၊ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများမှ စစ်သည်၊ စစ်သမီးများနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။ **သတင်းစဉ်**

# မြင်းခြံမြို့တွင် အိမ်ထောင်ရှင်အလှမယ်ရွေးချယ်ပွဲ ကျင်းပမည်

**မြင်းခြံ မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် Myanmar Beauty Pageant Organization မှ ကျင်းပသော အိမ်ထောင်ရှင် အလှမယ်ရွေးချယ်ပွဲအတွက် လူတွေ့စစ်ဆေးခြင်းကို Holiday Spa တွင် မတ်၂၇ ရက် နံနက် ၈ နာရီမှ စတင်ကာ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြင်းခြံမြို့တွင် လှယဉ်ကျေးမယ် ရွေးပွဲ၊ အလှမယ်ပြိုင်ပွဲများနှင့် ကင်းဝေးနေသည်မှာ နှစ်ပေါင်း ၂၅ နှစ်ခန့်ရှိပြီဖြစ်ရာ ယခုပြုလုပ်သော အိမ်ထောင်ရှင်အလှမယ် ရွေးပွဲ "MRS Tourism Beauty Queen Myingyan 2018"ကို စိတ်ဝင်စားသူများပြားခဲ့ပြီး လာရောက်လျှောက်ထားသူများပြားကြောင်း MRS Senior Beauty Empress Myanmar 2017 ဆုရ Mrs. Khaing Thwe က ပြောသည်။

ထို့အပြင် Mrs.Khaing Thwe က ယခုလို အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပွဲတွင် ပြိုင်ပွဲဝင်သူများကို ပြိုင်ပွဲဝင်ကြေး ကောက်ခံမှုမရှိဘဲ ပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနေ့တွင် ရရှိသည့် ငွေကြေးများကိုလည်း မြင်းခြံမြို့ရှိ ဘိုးဘွားရိပ်သာနှင့် အခြားပရဟိတအသင်းများ၊ လူမှုရေး အသင်းများသို့ ခွဲဝေလှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

အိမ်ထောင်ရှင်အလှမယ် ရွေးပွဲ "MRS Tourism Beauty Queen Myingyan 2018" ရွေးချယ်ပွဲကို ဧပြီ ၇ ရက်တွင် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ယခုအခါ ပြိုင်ပွဲဝင်ရန် လျှောက်ထားသူ ၁၆၀ ကျော်ထဲမှ ဆန်ခါတင် လူတွေ့စစ်ဆေးပြီး ၃၅ ဦးအား ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**






# ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင် ကွယ်လွန်မှု နှစ် (၅၀) ပြည့်သည့်တိုင် ပဟေဠိ ဖြစ်နေရဆဲဟု ဆို

**မော်စကို မတ် ၂၇**
ကမ္ဘာ့ပြင်ပ အာကာသဟင်းလင်းပြင်သို့ ပထမဆုံးရောက်ရှိခဲ့သော လူသားတစ်ဦးအဖြစ် မော်ကွန်းတင်ခံရသူ ယူရီဂါဂါရင် ကွယ်လွန်ခဲ့သည်မှာ မတ် ၂၇ ရက်တွင် နှစ်ပေါင်း (၅၀) ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့ထက်တိုင်အောင် ၎င်းကွယ်လွန်ခဲ့မှုဖြစ်ရပ်မှာ ပဟေဠိသဖွယ် ဖြစ်နေရဆဲဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက ရေးသားဖော်ပြသည်။

### စတင်ထွက်ခွာ

ဂါဂါရင်သည် ၁၉၆၈ ခုနှစ် မတ် ၂၇ ရက် နံနက် ၁၀ နာရီ ၁၈ မိနစ်တွင် မော်စကိုမြို့တော်အနီးရှိ ချက်ကာလော့စကီး လေယာဉ်ကွင်း၌ အမ်အိုင်ဂျီ-၁၅ လေယာဉ်ဖြင့် လေ့ကျင့်ပျံသန်းရန် ပြင်ဆင်နေခဲ့ကြောင်း၊ မိမိတို့၏ကျန်းမာရေးအခြေအနေနှင့် ရာသီဥတုအခြေအနေတို့မှာ ကောင်းမွန်နေပြီး ဂါဂါရင်၏လေယာဉ်စတင်ထွက်ခွာအပြီး နောက်တစ်နာရီအကြာတွင် မိမိလေယာဉ် စတင်ထွက်ခွာရန် အစီအစဉ်သတ်မှတ်ခဲ့ကြကြောင်း ဂါဂါရင်၏လုပ်ဖော်ကိုင်ဖက်ဟောင်းဖြစ်သူ အသက် ၈၄ နှစ်အရွယ်ရှိ ဗလာဒီမာအက်စကိုနော့ဗ်က ပြန်ပြောင်းပြောပြသည်။

### တွေ့ရှိ

သို့ရာတွင် အက်စကိုနော့ဗ်၏ လေ့ကျင့်ပျံသန်းရေးခရီးစဉ်ကို ပြန်လည်ဖျက်သိမ်းခဲ့သည်။ ဂါဂါရင်နှင့် ၎င်း၏ ပူးတွဲလေယာဉ်မှူး ဗလာဒီမာ ဆာယိုဂင်တို့သည် နံနက် ၁၀ နာရီခွဲတွင် အခြေစိုက်စခန်းသို့ ပြန်လာစဉ် ရေဒီယိုအဆက်အသွယ် ပြတ်တောက်ခဲ့ကြောင်း၊ ဂါဂါရင်၏ လေယာဉ်မှာ ပျက်ကျသွားခဲ့ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ချက်ကာလော့စကီးလေယာဉ်ကွင်းမှ ၆၅ ကီလိုမီတာ (မိုင် ၄၀) အကွာတွင် လေယာဉ်အပျက်အစီးအပိုင်းအစများကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု ရှာဖွေရေးရဟတ်ယာဉ်တစ်စင်းက သတင်းပို့ခဲ့ကြောင်း၊ နောက်တစ်ရက်တွင် ဂါဂါရင်၏ ရုပ်အလောင်းကို ရှာဖွေတွေ့ရှိရကြောင်း အက်စကိုနော့ဗ်က ပြောကြားသည်။

ဆိုဗီယက်လေတပ်၏ ဗိုလ်မှူးကြီးဖြစ်သူ ဂါဂါရင် ကွယ်လွန်ချိန်တွင် အသက် ၃၄ နှစ်ရှိပြီဖြစ်သည်။

၁၉၆၁ ခုနှစ် ဧပြီ ၁၂ ရက်က ဗော့စတော့-၁ အာကာသယာဉ်ဖြင့် ဆိုဗီယက်အာကာသယာဉ်မှူး ဂါဂါရင်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရောက်ရှိခဲ့သည်။

စစ်အေးခေတ် ပြိုင်ဘက်များဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့်ဆိုဗီယက်ပြည်ထောင်စုတို့၏ အာကာသပြိုင်ပွဲတွင် ဆိုဗီယက်က စတင်ဦးဆောင်နိုင်မှုအဖြစ် အာကာသတွင်းသို့ လူစေလွှတ်နိုင်ခဲ့သည်။

### ကမ္ဘာကျော်

ဂါဂါရင်၏ ခရီးစဉ်သည် အမျိုးသားရေး ယှဉ်ပြိုင်မှုထက် လူသားမျိုးနွယ်တစ်ခုလုံး၏ ခြေလှမ်းသစ်တစ်ရပ်အဖြစ် နောက်ပိုင်းတွင် မှတ်ယူခံခဲ့ရသည်။ ၁၀၈ မိနစ်ကြာအာကာသခရီးစဉ်ကို အဆုံးသတ်နိုင်ခဲ့ပြီးနောက် ဂါဂါရင်ပြောကြားခဲ့သော "ကျွန်တော် ကမ္ဘာကိုမြင်တယ်၊ အရမ်းလှတာပဲ"ဆိုသောစကားမှာ ကမ္ဘာကျော်ခဲ့သည်။ **အေအက်ဖ်ပီ**

# တရုတ်နိုင်ငံ မြောက်ပိုင်းမှ မွန်ဂိုလီးယားသို့ ကုန်ရထား ခုတ်မောင်းသည့်ခရီးစဉ် စတင်

**ရှီကျားယွန် မတ် ၂၇**
တရုတ်နိုင်ငံမြောက်ပိုင်း ဟူဘေးပြည်နယ်ရှိ ကောင်ဖီကျန် ပင်လယ်ဆိပ်ကမ်းမှ မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတာအကြား ကုန်ရထားခုတ်မောင်းသည့် ခရီးစဉ်ကို မတ် ၂၆ ရက်တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၂၇ ရက်တွင် သတင်း ထုတ်ပြန်သည်။

နေအိမ်သုံး လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ၊ ကုန်ကြမ်းများ တင်ဆောင်ထားသော ကုန်ရထားတစ်စင်းသည် ကောင်ဖီကျန်ပင်လယ်ဆိပ်ကမ်းမှ စတင်ထွက်ခွာခဲ့ပြီး တရုတ်နိုင်ငံမြောက်ပိုင်းအတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အီရန်ဟော့ ပင်လယ်ဆိပ်ကမ်း ဒေသကို ဖြတ်သန်းကာ မြို့တော်အူလန်ဘာတာသို့ ဦးတည်ခုတ်မောင်းသွားကြောင်း ကောင်ဖီကျန်ပင်လယ်ဆိပ်ကမ်းအုပ်စုဥက္ကဋ္ဌ ဝန်ကဲရှန်က ပြောကြားသည်။

ထျန်ရှန်းမြို့၌ ထုတ်လုပ်သော သံမဏိထုတ်ကုန်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို ယခုဖွင့်လှစ်လိုက်သော ရထားခရီးစဉ်ကိုအသုံးပြု၍ မွန်ဂိုလီးယားနိုင်ငံနှင့် ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်ဆို၏။

တရုတ်-မွန်ဂိုလီးယား-ရုရှား စီးပွားရေးစင်္ကြံလမ်းဖွင့်လှစ်နိုင်ရေးအတွက် ကောင်ဖီကျန်ပင်လယ်ဆိပ်ကမ်းကို အဆင့်မြှင့်တင်တည်ဆောက်ရန်လည်း စီစဉ်ထားကြောင်း၊ ကောင်ဖီကျန် ပင်လယ်ဆိပ်ကမ်းအုပ်စုအတွင်း မွန်ဂိုလီးယားဒေသ အူလန်ကက်မြို့၏ ဒေသန္တရ အစိုးရအဖွဲ့တို့အကြား မဟာဗျူဟာမြောက် သဘာတူညီချက်ရရှိထားကြောင်း ဝန်ကဲရှန်က ပြောကြားသည်။

ကောင်ဖီကျန်ပင်လယ်ဆိပ်ကမ်းသည် မြို့တော်ပေကျင်း အရှေ့ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ ဘိုဟေး ပင်လယ်အော်ရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဇုန်တွင် ပါဝင်သည်။

**ဆင်ဟွာ**



## ဟူသီသူပုန်အဖွဲ့ထံ ဒုံးကျည်များ ထောက်ပံ့သည်ဟူသောစွပ်စွဲမှု အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့ ငြင်းဆို

**တီဟီရန် မတ် ၂၇**
ယီမင်နိုင်ငံရှိ ဟူသီသူပုန်အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံတွင်းသို့ ဒုံးကျည်အချို့ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ယင်းသူပုန်အဖွဲ့ထံ အီရန်က ဒုံးကျည်များထောက်ပံ့ပေးခဲ့သည် ဆိုသောစွပ်စွဲချက်များကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ငြင်းဆိုလိုက်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဆော်ဒီဦးဆောင်သည့် ညွန့်ပေါင်းအဖွဲ့က ယီမင်နိုင်ငံတွင် ကျူးလွန်သည့်ရက်စက်ယုတ်မာမှုများနှင့် ပတ်သက်၍ အများပြည်သူတို့အထင်အမြင် ပြောင်းလဲသွားစေရန် ရည်ရွယ်ချက်ဖြင့် ယင်းသို့ စွပ်စွဲခြင်းဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ဖွဲ့မှ နိုင်ငံရေး အရာရှိ ယာဒိုလာ ဂျာဗာနီ၏ ပြောကြားချက်ကို တက်စ်နင်သတင်းဌာနက ဖော်ပြသည်။

မတ် ၂၅ ရက်က ယီမင်နိုင်ငံရှိ ဟူသီသူပုန် အဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံပိုင်နက်နယ်မြေအတွင်းသို့ ပစ်လွှတ်ခဲ့သော ဒုံးကျည်ခုနစ်စင်းမှာ အီရန်နိုင်ငံက ထောက်ပံ့ပေးခဲ့သည့် ဒုံးကျည်များဖြစ်ကြောင်း ဆော်ဒီအာရေဗျ၏ စွပ်စွဲပြောကြားမှုကို ၎င်းက တုံ့ပြန်ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်များအတွင်း အမေရိကန်၊ ဇီယွန်ဝါဒီများနှင့် ဒေသတွင်းရှိ ဖောက်ပြန်ရေးဝါဒီနိုင်ငံများ၏ အကူအညီဖြင့် ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ယီမင်နိုင်ငံတွင် ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ နိုင်ငံရေးအရာရှိ ဂျာဗာနီက ပြောကြားသည်။ **အေအက်ဖ်ပီ**

# အာဖဂန်မြောက်ပိုင်းတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုအတွင်း တာလီဘန်တပ်မှူးတစ်ဦး သေဆုံး



စစ်ဆင်ရေးဆင်နွှဲနေသော အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

**ရှီဘာဂန် မတ် ၂၇**
အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ ဂျော်ဂျန်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့များနှင့် တာလီဘန်အဖွဲ့တို့ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ တာလီဘန်တပ်မှူးတစ်ဦးဖြစ်သူ မူလာနာဝပ်သေဆုံးသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ ဒုတိယအကြီးအကဲ အဗ္ဗဒွယ်ဟာဖစ် ကာရှီက မတ် ၂၇ ရက်တွင် ပြောကြားသည်။

နာမည်ဆိုးဖြင့် ကျော်ကြားသူ မူလာနာဝပ်ဦးဆောင်သည့် တာလီဘန်သူပုန်အဖွဲ့တစ်ဖွဲ့က မတ် ၂၅ ရက် ညနေပိုင်းတွင် ပြည်နယ်မြို့တော် ရှီဘာဂန်သို့ ဦးတည်မောင်းနှင်နေသည့် ရဲတပ်ဖွဲ့မှ ရေသယ်ယာဉ်တစ်စီးကို တိုက်ခိုက်ခဲ့ရာမှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း၊ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် ဖြစ်ပွားသည့်တိုက်ပွဲအတွင်း မူလာနာဝပ် သေဆုံးသည်ဟု ၎င်း၏ ရုပ်အလောင်းကို အတည်ပြုနိုင်ခဲ့ကြောင်း ကာရှီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

### တုံ့ဆိုင်း

အာဖဂန်နစ္စတန်အစိုးရ လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်လေ့ရှိသော မူလာနာဝပ် သေဆုံးသွားခြင်းကြောင့် ဂျော်ဂျန် ပြည်နယ်အတွင်းနှင့် ၎င်းနှင့်ထိစပ်နေသည့် ပြည်နယ်များ၌ တာလီဘန် စစ်သွေးကြွများ၏လှုပ်ရှားမှုများ တုံ့ဆိုင်းသွားနိုင်ဖွယ်ရှိသည်။

၎င်းသေဆုံးမှုသတင်းနှင့် ပတ်သက်၍ တာလီဘန်စစ်သွေးကြွအဖွဲ့က လတ်တလောတွင် မှတ်ချက်ပေးပြောကြားခြင်း မရှိပေ။

**ဆင်ဟွာ**

# (၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရုံးချုပ်၌ ကျင်းပ

**ရန်ကုန် မတ် ၂၇**

(၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဗဟိုဌာနချုပ်)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းနှင့် ဒီမိုကရေစီ အရေးတော်ပုံတွင် ကျဆုံးခဲ့ကြသော ရဟန်း ရှင်လူ၊ ကျောင်းသား ပြည်သူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ရှစ်စက္ကန့် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ကြသည်။

သဘာပတိဖြစ်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဟံသာမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးညွန့်က အချက် ခုနစ်ချက်ပါရှိသည့် (၇၃)နှစ်မြောက် ဖက်ဆစ်တော်လှန်ရေးနေ့ ကြေညာချက်ကို ဖတ်ကြားပြီး နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများမှ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်သည်။

အဆိုပါ အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျင်းပခြင်းဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**






# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**တောင်ကြီး မတ် ၂၇**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန် အစည်းအဝေး ပထမနေ့ကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ရှမ်းပြည်နယ် လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမ အစည်းအဝေး ပထမနေ့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၁၄ ဦးက ကြယ်ပွင့်ပြ မေးခွန်း ၁၅ ခု မေးမြန်းခြင်းနှင့် အဆိုနှစ်ခုတင်သွင်းခြင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြသည့်မေးခွန်းများကို သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈ ခုနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်း၍လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လ ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)အား ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်က ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်း၍လည်းကောင်း၊ ၂၀၁၈ ခုနှစ် အသေးစားချေးငွေလုပ်ငန်းဥပဒေမူကြမ်းအား ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံက ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ပြည်နယ်လွှတ်တော်ရုံး ညွှန်ကြားရေးမှူးထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ အီလက်ထရွန်နစ်နည်းပညာရှင်များ တွေ့ဆုံနှီးနှောဖလှယ်ပွဲ သုံးရက်တိုင်တိုင် ကျင်းပ

**မန္တလေး မတ် ၂၇**

မြန်မာအီလက်ထရွန်နစ် နည်းပညာတိုးတက်မြင့်မားရေးအဖွဲ့ (Myanmar Electronic Technology Development Association-MEDA)၏ အဖွဲ့ဝင် နည်းပညာရှင်များ နည်းပညာနှီးနှောဖလှယ်ပွဲနှင့် တွေ့ဆုံမိတ်ဆက်ပွဲကို မတ် ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် မန္တလေးမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတစ်ဝန်းရှိ အီလက်ထရွန်နစ် အသိပညာရှင် အတတ်ပညာရှင်များ၊ နည်းပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းရှင်များ၊ အီလက်ထရွန်နစ်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေသူများ အစရှိသည့် အဖွဲ့ဝင်ပေါင်း ၁၈၀ ကျော်ပါဝင်သည့် ဒုတိယအကြိမ်မြောက် တွေ့ဆုံနှီးနှောဖလှယ်ပွဲ ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လှက အဖွင့်အမှာစကားနှင့် မုဒိတာစကားပြောကြားပြီး မြန်မာအီလက်ထရွန်နစ် နည်းပညာတိုးတက်မြင့်မားရေးအဖွဲ့ ယာယီအမှုဆောင် ဦးမင်းမင်းထွန်းက အသင်းဖြစ်ပေါ်လာပုံနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များကို ရှင်လင်းပြောကြားသည်။

ဆက်လက်ပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးမြင့်သန်းက NSSA နှင့်ပတ်သက်၍ တက်ရောက်လာသူများသိရှိရန် ရှင်းလင်းပြောကြားပြီး IE (Integrated Electronic) Trading Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခိုင်လင်းက နည်းပညာရပ်များ တိုးတက်ရေးအတွက် အကြံပြုဆွေးနွေးပြီး မြန်မာအီလက်ထရွန်နစ် နည်းပညာတိုးတက်မြင့်မားရေးအဖွဲ့ (Myanmar Electronic Technology Development Association-MEDA) အား အလှူငွေကျပ်သိန်းငါးဆယ်ပေးအပ်လှူဒါန်းရာ အဖွဲ့မှတာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး အဖွဲ့ကိုယ်စား ယာယီအမှုဆောင် ဦးဇော်မင်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ အချို့သော နေရာဒေသတွေက အီလက်ထရွန်နစ်လုပ်ကိုင်နေတဲ့သူတွေမှာ နည်းပညာလိုအပ်ချက်တွေ ရှိနေပါတယ်၊ လွယ်ကူစွာသင်ကြားနိုင်တဲ့အခွင့်အလမ်းတွေ နည်းပါးခဲ့ကြပါတယ်၊ အဲဒီလို နည်းပညာလိုအပ်နေသူတွေကို ကူညီပံ့ပိုးနိုင်အောင် တတ်ကျွမ်းတဲ့နည်းပညာရှင်ဆရာကြီးတွေကို ဖိတ်ကြားပြီး ပညာရပ်ဆိုင်ရာများကို ထပ်ဆင့်မျှဝေခြင်းတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်၊ နောက်နှစ်တွေဆိုရင် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုသင်တန်းကျောင်းတွေနဲ့ ချိတ်ဆက်ပြီး လက်တွေ့လုပ်ငန်းခွင်နည်းပညာဆိုင်ရာ သင်တန်းတွေပေးသွားဖို့ရှိပါတယ်"ဟု နေပြည်တော်မှ အီလက်ထရွန်နစ်နည်းပညာရှင် ကိုနေမင်းထွန်းက ပြောသည်။

အဆိုပါ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို နိုင်ငံအတွင်းရှိ နည်းပညာလိုအပ်နေသူများကို နည်းပညာပံ့ပိုးကူညီရန်၊ နည်းပညာအတတ်ပညာရှင်များ တိုးတက်မြင့်မားလာစေရန်၊ နည်းပညာလိုအပ်ချက်ကြောင့် အီလက်ထရွန်နစ်နှင့် သက်ဆိုင်သော ကုန်ပစ္စည်းထုတ်လုပ်ရန် ခက်ခဲနေသူ လုပ်ငန်းရှင်များအား နည်းပညာပံ့ပိုးကူညီပေးရန်၊ နည်းပညာရှင်များနှင့် လုပ်ငန်းရှင်များ စည်းလုံးညီညွတ်စွာပူးပေါင်း၍ နည်းပညာများ တိုးတက်မြင့်မားအောင်ဆောင်ရွက်ရန်၊ IT & Electronic သုံးစွဲသူများ နည်းစနစ်တကျ အသုံးပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**၀၀၂**



# အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကျင်းပမည်

**ရန်ကုန် မတ် ၂၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ၂၀၁၈ ခုနှစ် အလေးမပြိုင်ပွဲကို ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ အားကစား ဝါသနာရှင်မည်သူမဆို ဝင်ကြေးမရှိ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင် ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစားများမှာ လူငယ် (၁၃-၁၈) နှစ် အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲ၊ အလွတ်တန်း အသက် (၁၉-၃၀)နှစ် အမျိုးသား အမျိုးသမီး အလေးမပြိုင်ပွဲနှင့် လက်ရွေးစင်တန်း လက်ရည်စမ်း အလေးမပြိုင်ပွဲများ ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**ကြေးမုံ**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်

**မော်လမြိုင် မတ် ၂၇**

မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် ကျိုက်မရော မြို့နယ်၌ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်းကျေးရွာဖြစ်သော ခနောင်ကျေးရွာရှိ စီမံကိန်းကော်မတီဝင်များ၏ ငွေစာရင်းထိန်းသိမ်းထားရှိမှုများနှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုများကို မတ်လတတိယပတ်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



# ဘေးအန္တရာယ်ဆိုင်ရာသိပ္ပံပညာစာအုပ်များ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၇**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ထူးချွန်ထက်မြက်သော အမျိုးသားကျောင်းသားဟောင်းများ အသိပညာပြန့်ပွားရေးအဖွဲ့မှ ဘေးအန္တရာယ်ဆိုင်ရာသိပ္ပံပညာ စာအုပ်များပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၆၄) ကမ္ဘာအေးဘုရားလမ်းရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လှူဒါန်းသည့်စာအုပ်များကို လက်ခံရယူသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မွေးစမှအိုမင်းသည်အထိ သက်ရှယ်စုံအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘေးအန္တရာယ်ကျရောက်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် အခြေခံလူ့အခွင့်အရေးများ ရရှိအောင်ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ၊ လမ်းပေါ်နေကလေးများ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးစွဲသူများ၊ မသန်စွမ်းများ၊ သက်ကြီးရွယ်အိုများအား ပြန်လည်ထူထောင်ရေးအတွက် ဦးစီးဌာန အသစ်တစ်ခုကို ဇန်နဝါရီလမှစတင်၍ တိုးချဲ့ဖွင့်လှစ်ထားကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အဆိုပါ ထိခိုက်လွယ်အုပ်စုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် တိုင်းဒေသကြီးအစိုးရမှ မြေနေရာချပေးထားပါကြောင်း၊ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လှူဒါန်းမှုအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား စာရေးသူ-သိပ္ပံစာရေးဆရာကိုကိုအောင်က ထူးချွန်ထက်မြက်သော အမျိုးသား ကျောင်းသားဟောင်းများ အသိပညာပြန့်ပွားရေးအဖွဲ့၏ လှူဒါန်းခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ၎င်းရေးသားသည့် "သဘာဝဘေးနှင့် လူဖန်တီးသောဘေးအန္တရာယ်များ"စာအုပ် (၂၀၁၇ ခုနှစ် ထွန်းဖောင်ဒေးရှင်းစာပေဆုရစာအုပ်) ၃၀၀ နှင့် "ကောင်းဆိုးနှစ်ဖြာအဏုမြူနည်းပညာ" စာအုပ် ၂၅ အုပ် စုစုပေါင်းငွေကျပ် ၁၈၇၅၀၀၀ တန်ဖိုးရှိစာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာအက အခြေခံကဗျာလွတ်အက (ဒုတိယအဆင့်) ဆင့်ပွားနည်းပြသင်တန်း(၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၇**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မြန်မာအက အခြေခံကဗျာလွတ်အက (ဒုတိယအဆင့်) ဆင့်ပွားနည်းပြသင်တန်း(၁/၂၀၁၈) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် အခြေခံပညာကျောင်းများမှ သင်တန်းသူ ဆရာမများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အဖွဲ့လိုက်ဆုရရှိသော သင်တန်းသူ ဆရာမများအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခြင်းနှင့် သင်ကြားပြသပေးသည့် နည်းပြဆရာမများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး သင်တန်းသူများ ကိုယ်စား သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ အခြေခံကဗျာလွတ်အက(ပထမအဆင့်) ပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်အဖွဲ့၊ အခြေခံကဗျာလွတ်အက(ဒုတိယအဆင့်) ပြိုင်ပွဲတွင် ပထမဆုရရှိသော အဖွဲ့(၂)တို့က ကဗျာလွတ်အကများဖြင့် စွမ်းရည်ပြတင်ဆက်၍ သင်တန်းသူများက ရွှင်လန်းချမ်းမြေ့ပါစေ သကြံန်ယိမ်းအက၊ ထာဝရမြန်မာ စုပေါင်းယိမ်းအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အနုပညာရှင်များနှင့် စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်

**နေပြည်တော် မတ် ၂၇**
(၇၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "စစ်ကိုမုန်း၍ တိုက်ခဲ့သည်" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် စစ်ချီတေး၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက တပ်မတော်နေ့ဂုဏ်ပြု "စစ်ကိုမုန်း၍ တိုက်ခဲ့သည်" ဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် ဝတ္ထုနှင့်ဒါရိုက်တာ ဗိုလ်မှူးတင်အောင်စိုး၊ တည်းဖြတ်နှင့် တွဲဖက်ဒါရိုက်တာ ဗိုလ်ကြီးဗညားအောင်၊ တွဲဖက်ဒါရိုက်တာ မယွန်း၊ ဇာတ်ညွှန်း မင်းခိုက်စိုးစံ၊ တည်းဖြတ် စည်သူ၊ ကွန်ပျူတာအထူးပြုလုပ်ချက် သန်းဆွေ၊ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ညိုမင်းလွင်၊ နေမင်း၊ ထူးခန့်ကျော်နှင့် ထူးအောင်၊ တိုက်ပွဲများတွင်လည်း ပါဝင်ခဲ့ပြီး "စစ်ကိုမုန်း၍တိုက်ခဲ့သည်" တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့ကြသော ဗိုလ်ကြီး ဟိန်းထက်နိုင်၏ဇနီး ဒေါ်သက်နှင်းဝေ၊ တပ်ခွဲတပ်ကြပ်ကြီး ကျော်သိန်းခိုင်၏ဇနီး ဒေါ်ခင်ဝင်းအေး၊ တပ်ခွဲတပ်ကြပ်ကြီး ကျော်ငွေး၏ဇနီး ဒေါ်နန်းထွေးခင်၊ တပ်ကြပ်ကြီး၊ စာရေးညီညီဦး၏ဇနီး ဒေါ်မေဖူးခိုင်နှင့် တပ်ကြပ်ကြီးမြလှိုင်၏ဇနီး ဒေါ်ထုဆိုင်တို့ကိုလည်းကောင်း၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးက ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသည့် ကျော်ထက်အောင်၊ အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ စိုးမြတ်နန္ဒာ၊ အကယ်ဒမီ စိုးပြည့်သဇင်၊ ခိုင်နှင်းဝေ၊ အိချောပို၊ သွန်းဆက်၊ ဆောင်းဝတ်ရည်မေနှင့် ယဉ်လတ်၊ တိုက်ပွဲများတွင်လည်းပါဝင်ခဲ့ပြီး "စစ်ကိုမုန်း၍ တိုက်ခဲ့သည်" တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့ကြသော တပ်ကြပ် မင်းထိုက်၏ဇနီး ဒေါ်စန်းဝင်းရီ၊ တပ်ကြပ်မောင်တိုင်း၏ဇနီး ဒေါ်နန်းလှိုင်၊ တပ်ကြပ်အောင်နိုင်လင်း၏ဇနီး ဒေါ်ယေနန်းကပ်၊ တပ်ကြပ်ကျော်သောင်း၏ဇနီး ဒေါ်တင်ယုံနှင့် တပ်သားသက်နောင်ဦး၏ဇနီး ဒေါ်ကြူကြူယဉ်တို့အားလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မြင့်မော်က (၇၃)နှစ်မြောက် တပ်မတော်နေ့စစ်ချီတေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးဝေလင်း(ဝေလင်း-သုခုမ)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီး စောစဲနေကနဲစော၊ တတိယဆုရရှိသော ဗိုလ်ကြီးဖုန်းမြင့်(အငြိမ်းစား)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး ဇော်မျိုးထွန်း၊ စစ်သည်တေးသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဒေါ်ခင်စန္ဒီစိမ့် (အလင်္ကာမေ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီးဉာဏ်ပိုင်စိုး(စစ်သူ)၊ တတိယဆုရရှိသော ဗိုလ်ကြီးထွန်းထွန်းလတ်(ဘခက်)၊ နှစ်သိမ့်ဆုရရှိသော တပ်ကြပ်ကြီး စောစဲနေကနဲစော၊ နှစ်သိမ့်ဆုရရှိသော ဒုတိယရဲမှူးကြီး သက်နောင်၊ ကဗျာတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးတင့်ထွန်း(တင့်ထွန်း-ချောက်)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီးအောင်မျိုးထွန်း(မျိုးစစ်သည်)၊ တတိယဆုရရှိသော ဦးမင်းရွှေ(မင်းရွှေမင်း-တောင်ကုတ်)၊ နှစ်သိမ့်ဆုရရှိသော ဦးကျော်ဝင်းမောင်(ကျော်ဝင်းမောင်-ကျောက်မဲ)တို့အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ထွန်းထွန်းညီက ကဗျာရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးကျော်အေး(ပွင့်သစ်ဦး-ကလေးဝ)၊ ဒုတိယဆုရရှိသော တပ်ကြပ်ကြီးဘိုသန်း(ဘုန်းရဲနိုင်-ဂန့်ဂေါ)၊ တတိယဆုရရှိသော ဦးမျိုးငွေး (ဝင်းနွယ်-သစ်တော)၊ နှစ်သိမ့်ဆုရရှိသော ဦးအောင်ကျော်မင်း(ကောင်းခြိမ့်ကျော်)၊ နှစ်သိမ့်ဆုရရှိသော ဒေါ်ခိုင်သူဇာဝင်း(ခင်လယ်လယ်ချစ်-မြန်/ဂုဏ်)၊ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသော ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း(အန်ကယ်ပညာ)၊ ဒုတိယဆုရရှိသော ဗိုလ်ကြီးယဉ်ထွန်း(ယဉ်ထွန်းအောင်-ထီလာ)၊ တတိယဆုရရှိသော ဦးစိုးမြင့်(ရဲမင်းစိုး)၊ နှစ်သိမ့်ဆုရရှိသော ဒေါ်စန်းစန်းလှ (သွေးနီနီ)၊ ဝတ္ထုရှည်ပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်ကြပ်ကြီးထွန်းထွန်း(ယိမ်းနွဲ့လျှံ)၊ ဒုတိယဆုရရှိသော တပ်ကြပ်တင်ဇော်လတ်(တေဇလွှမ်း)၊ တတိယဆုရရှိသော ဒေါ်မြင့်မြင့်သိန်း(တက္ကသိုလ်မြမဥ္ဇူ)၊ နှစ်သိမ့်ဆုရရှိသော ဗိုလ်မှူးအောင်စိုးဝင်း (ကိုမြိုင်-အညာသား)နှင့် တပ်ကြပ်ကြီးဘိုသန်း(ဘုန်းရဲနိုင်-ဂန့်ဂေါ) တို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး တပ်မတော်နေ့ ဂုဏ်ပြု စစ်ကိုမုန်း၍ တိုက်ခဲ့သည် ဇာတ်လမ်းတွင် ပါဝင်ခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**



ကြေးမုံ



# ရှေးဦးပြုစုနည်းဖြင့် အသက်ကယ်ခဲ့သူ ဟင်နရီဒူးနန့်ဆုရှင်

(စိုင်းအောင်လှိုင်မြင့်၏ ကိုယ်တွေ့ပြောပြချက်)

၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက် မွန်းလွဲ ၂ နာရီခန့်က မြစ်ကြီးနားမြို့တစ်ဖက်ကမ်း ခတ်ချိုကျေးရွာကိုရောက်နေတုန်း ဧရာဝတီမြစ်ဘက်က "ဝုန်း"ဆိုတဲ့ အသံကြားရပြီး ရွာသူရွာသားတွေ ကမ်းပါးကို အပြေးအလွှားသွားကြတာ တွေ့ရပါတယ်။

ကျွန်တော်တို့ ကြက်ခြေနီတွေမှာက "ဝုန်း" "ဒိုင်း" ဆိုတဲ့အသံတွေကြားရင် ဘယ်သူ ဘာများဖြစ်နေပြီလဲ ဆိုတဲ့ ကြင်နာတတ်တဲ့ စိတ်ထားလေးတွေရှိကြတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်း ဒီစိတ်ထားလေးက မွေးရာပါ ဖြစ်နေတော့ ရွာသားတွေပြေးတဲ့ဘက်ကို လိုက်ပြီး ပြေးကြည့်မိပါတယ်။ ဖြစ်တဲ့နေရာနဲ့ ကျွန်တော်ရောက်နေတာကတော့ တစ်မိုင်နီးပါးလောက် ဝေးပါတယ်။ ဒါပေမယ့် စက်ဘီးနဲ့မို့ ခဏလေးရောက်သွားပြီး ကမ်းပါးပေါ်ကလူတွေကို မေးမိပါတယ်။

တပ်မတော်က ကားတစ်စီး တစ်ဖက်ကမ်းကူးဖို့ ကူးတို့ဖောင်ပေါ်အတက်မှာ ဘရိတ်ချော်ပြီး ဖောင်ပေါ်က မြစ်ထဲ အရှိန်လွန်ထိုးကျသွားတယ်လို့ သိလိုက်ရပါတယ်။ ကမ်းပေါ်ရှိတဲ့လူတွေဟာ ကားထဲတွင်လူပါ၊ မပါကို ဘယ်သူမှ မစူးစမ်းတဲ့အတွက် မသိကြပါဘူး။ ကယ်ဆယ်ရေးအတွက် ဆောင်ရွက်ဖို့လည်း သတိမရကြလို့ ကျွန်တော် ဆိပ်ကမ်းကိုဆင်းပြီး ဖောင်ပေါ်မှ ဝိုင်းကြည့်နေကြတဲ့ လူအုပ်ကို မေးကြည့်မိပါတယ်။ ဖောင်ပေါ်က လူများက ကျွန်တော့်ကို ကားထဲမှာ လူပါသွားကြောင်း၊ နှစ်ယောက်လိုလို၊ တစ်ယောက်လိုလို အတိအကျ မသိကြောင်း ပြောပြကြပါတယ်။ သူတို့တွေထဲမှာ ဘယ်တစ်ဦးတစ်ယောက်ကမှ ကယ်ဆယ်ဖို့ မကြိုးစားဘဲ အော်ဟစ်ပြောဆို ဝေဖန်နေကြပါတယ်။

ကျွန်တော် သူတို့ကို အပြစ်တင်ချင်သလို ဖြစ်လာပါတယ်။ ဒါပေမယ့် အပြစ်မတင်လိုက်မိပါဘူး။ သူတို့ကို အပြစ်မတင်မိဘဲ ရေထဲကိုဆင်းဖို့ အဝတ်အစားတွေ ချွတ်လိုက်တော့ အတွင်းခံစွပ်ကျယ်ရဲ့ ဘယ်ဘက်ရင်အုံပေါ်မှာ အနီရောင်ကြက်ခြေခတ်အမှတ်တံဆိပ်နဲ့ ဖြစ်နေလို့ ဘေးကလူတွေက "ကြက်ခြေနီလာပြီဟေ့"ဆိုတဲ့ အားကိုးသံပါပါနှင့် ဘေးဖယ်ပေးကြတယ်။ ကျွန်တော် ရေထဲဆင်းပြီး ထိုလူကိုဆယ်ဖို့ ဖောင်ပေါ်က အခြေအနေကို ကြည့်ပါတယ်။ မြစ်ရေက ကြည်လင်နေတာကြောင့် ရေအနက် ၁၈ ပေ၊ ပေ ၂၀ လောက်မှာ ကားပက်လက်ဖြစ်နေတာကို မြင်ရပါတယ်။ ရေစီးကလည်း သိပ်သန်နေပါတယ်။

ဒါပေမယ့် ကျွန်တော်ဟာ ကားထဲပါသွားတဲ့ လူတစ်ယောက်ရဲ့ အသက်ကယ်ဆယ်ဖို့ စိတ်စောနေပြီး ရေထဲချက်ချင်းဆင်းကာ ကားတံခါးကိုဖွင့်ဖို့ အတန်တန်ကြိုးစားပါတယ်။ ဒါပေမယ့် ကားက ပက်လက်ဖြစ်နေလို့ တံခါးဖွင့်မရဘဲ ခြေထောက်နဲ့ လိုက်စမ်းရာက အပေါက်တစ်ခုကို တွေ့ရပါတယ်။ ခြေနဲ့စမ်းကြည့်တော့ ကိုယ်တုံးလုံးနဲ့လူကို တွေ့ရတယ်။

ကျွန်တော်ဟာ ရေထဲမှာ ကြာကြာမနေနိုင်အောင် နားတွေက နာလာပါတယ်။ ကားထဲကလူကို ရေထဲက ခက်ခက်ခဲခဲ ဆွဲထုတ်ခဲ့ပြီး ရေပေါ်ရောက်ခဲ့ပါတယ်။



လူနာကို ကျွန်တော့်ကျောပေါ်တင်ပြီး ဘယ်လက်နဲ့ထိန်းပါတယ်။ ညာလက်ကိုတော့ ဖောင်ကူးတို့ပေါ်ကလူတွေ ပစ်ပေးတဲ့ ကြိုးကိုကိုင်ပြီး ဖောင်ဆီရောက်အောင် သယ်ယူခဲ့ရပါတယ်။

ဖောင်ပေါ်ရှိတဲ့လူတွေက ရေနစ်သူလူနာရဲ့ လက်ကို ဝိုင်းဝန်းဆွဲတင်လို့ လူနာဖောင်ပေါ် ရောက်သွားခဲ့ပါတယ်။ လူတွေကတော့ ထုံးစံအတိုင်းပါပဲ။ ဖောင်ပေါ်ကို လူနာရောက်သွားတာနဲ့ လူနာရှိရာကိုပဲ ဝိုင်းအုံသွားကြပါတယ်။ ကျွန်တော့်ကိုတော့ ဆွဲတင်ဖို့ မပြောပါလေနဲ့ ဝိုင်းကြည့်ဖော်တောင် မရကြတော့ပါဘူး။ ရေထဲမှာ ယက်ကန်ယက်ကန်နဲ့ ကျွန်တော် ဖောင်အောက်မှာ ကျန်ရစ်ခဲ့ပါတယ်။

တကယ်လို့သာ ခြေကုန်လက်ပန်းကျလို့ မြုပ်သွားမယ်ဆိုရင်တော့ နှစ်ယောက်စလုံး အနိစ္စသဘောကို လွန်ဆန်လို့ရတော့မှာ မဟုတ်တော့ပါဘူး။ ကျွန်တော့် ခန္ဓာကိုယ်ဟာ ရေထဲမှာ ယက်ကန်ကျန်ရစ်ပေမယ့် ကျွန်တော့်စိတ်က အပေါ်ကြိုရောက်နေပြီဖြစ်တဲ့အတွက် ကျွန်တော်ဟာ ဖောင်ကြီးကိုတွန်းတဲ့ မော်တော်ဘုတ်ရဲ့ ပဲ့ပိုင်းကနေတက်ခဲ့ပြီး ဝိုင်းအုံနေတဲ့လူအုပ်ကြားက လူနာကို ကျွန်တော်တတ်ထားတဲ့ ရှေးဦးပြုစုနည်းနဲ့ စတင်ပြုစုခဲ့ပါတယ်။ ပထမလူနာကို မှောက်လျက်အနေအထားနဲ့ သူ့ကျောပေါ်ကခွပြီး ကျွန်တော့်ရဲ့လက်ကို သူ့ရဲ့ဝမ်းဗိုက်အောက်မှာ ယှက်သမ်းလျက်ဆွဲပါတယ်။ ဝမ်းဗိုက်ထဲကရေများ အကုန်ထွက်ဖို့ ခဲယဉ်းနေတာကြောင့် ဘေးကဝိုင်းအုံနေတဲ့လူတွေထဲက နှစ်ယောက်ကို အကူအညီတောင်းရပါတယ်။

ဒီလူနှစ်ယောက်ကို လူနာမှောက်လျက် အနေအထားဖြစ်အောင် မခိုင်းပါတယ်။ ပြီးတော့ ကျွန်တော်က လူနာရဲ့ ဝမ်းဗိုက်အောက်မှာ ခေါင်းလျှိုပြီး လူနာရဲ့ခေါင်းကို အောက်စိုက်ထားကာ ရေကိုထုတ်ပစ်ပါတယ်။

ရေ၊ အန်ဖတ်၊ အညစ်အကြေးတွေဟာ နှာခေါင်း၊ ပါးစပ်၊ စအိုတို့က ပန်းထွက်လာပါတယ်။ ရေကုန်လောက်မှ လူနာကို အသာအယာ ပြန်ချပေးပါတယ်။ ပြီးတော့ ကျွန်တော် လူနာကို ပက်လက်အနေအထားရောက်အောင် လှန်လိုက်ပြီး ပြုစုဖို့ အခြေအနေမှန်ကို စူးစမ်းပါတယ်။

တစ်ချိန်တည်းမှာပဲ ကျွန်တော့်နားထဲမှာ "ငါတို့လူတော့ မရတော့ဘူးကွာ မွေးတဲ့အခါ ချေးစိမ်းပန်းတယ်၊ သေတဲ့အခါ ချေးစိမ်းပန်းတယ်"မရတော့ဘူးဆိုတဲ့အသံတွေ ကြားရပါတယ်။ "ဟေ့ရဲဘော် ရေနစ်တဲ့လူဆိုရင် ပက်လက်မထားရဘူးကွ"၊ "ဟေ့ကောင် လူနာသွေးထွက်လွန်လိမ့်မယ်ကွ" သတိပေးကြပါတယ်။ သူတို့သတိမထားမိတဲ့ အရေးကြီးဆုံးအချက် ကျန်ပါသေးတယ်။ အဲဒီအချက်ကတော့ ဒီလူနာဟာ အသက်မရှူတော့ပါဘူး။ နှလုံးခုန်နှုန်းရပ်နေပါတယ်။ သူအသက်ပြန်မရှူတော့ရင် စက္ကန့်ပိုင်းအတွင်း မိနစ်အနည်းငယ်ပိုင်းအတွင်းမှာ သေဖို့သာကျန်ပါတော့တယ်။ သူတို့သတိပေးချက်ကို ကျွန်တော် သတိထားမိပေမယ့် ကျွန်တော့်အတွက် ပြုစုရမယ့် အရေးအကြီးဆုံးအချက်က လူနာအသက်ပြန်ရှူဖို့ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော် လူနာကို ပက်လက်အနေအထားမှာထားတယ်။ ပြီးတော့ အသက်ရှူလမ်းကြောင်း ဖြောင့်အောင်လုပ်တယ်။ လူနာရဲ့ လက်ယာဘက်ဘေးမှာ ကျွန်တော်ဝင်ထိုင်ပြီး အသက်ရှူအားကူပေးဖို့ ဖြစ်ပါတယ်။ ဒါပေမယ့် လူနာရဲ့ပါးစပ်ထဲမှာ အန်ဖတ်တွေရှိနေသေးလို့ လက်နှစ်ချောင်းနဲ့ ကလော်ထုတ်ခဲ့ရပါတယ်။ နှာခေါင်းက နှပ်ချေးတွေကလည်း ထမင်းလုံးတွေနဲ့ အုံဖွဲ့နေပါတယ်။ မျက်ခုံးအထက်က သွေးတွေပျစ်ခဲနေပါတယ်။

ကျွန်တော် အသက်ရှူအားကူပေးတဲ့နည်း လေးနည်းလောက် တတ်ပေမယ့် အလွယ်ကူဆုံးနဲ့ အထိရောက်ဆုံးဖြစ်တဲ့ ပါးစပ်ကပါးစပ်ကို အသက်ရှူအားကူနည်းပဲ သုံးပါတယ်။ ရဲဘော်ကရှေ့တန်းက ပြန်လာတော့ နှုတ်ခမ်းမွေးက လက်တစ်ဆစ်လောက် ရှည်နေတယ်။ ဒါပေမယ့် ကျွန်တော် မရွံ့မရှာဘဲ လူနာရဲ့နှာခေါင်းကို ဘယ်လက်နဲ့ ညှစ်ထားပြီး ပါးစပ်ကို လေပြင်းပြင်းနဲ့ ငုံ့ပြီးမှုတ်ပါတယ်။

လူနာရဲ့ အဆုတ်ထဲလေဝင်တော့ ဝမ်းဗိုက်ကြီးကို တွေ့ရပါတယ်။ ဖောင်းတက်လာတဲ့ ဝမ်းဗိုက်ကိုပဲ ညာလက်နဲ့ ပြန်နှိပ်လိုက်ပါတယ်။ လေတွေက နှာခေါင်းနှင့် ပါးစပ်က ပြန်ထွက်လာတယ်။ တစ်ခါပြန်မှုတ်၊ ပြန်နှိပ် အကြိမ်ကြိမ် လုပ်တာကြောင့် လူနာဟာ အသက်ရှူနိုးကြားလာပြီး နှလုံးလည်း ပြန်ခုန်လာပါတယ်။ နှလုံးမခုန်သေးတာကြောင့် နှလုံးခုန် နှိုးဆွပေးခဲ့ရပါတယ်။

တချို့ ဝိုင်းအုံကြည့်နေတဲ့ သူတွေကတော့ လူနာအစိမ်းသေ သေပြီဆိုပြီး သားသမီးတွေကို လက်ဆွဲပြီး ပြေးကြတဲ့လူတွေလည်း တွေ့ခဲ့ရပါတယ်။ လူနာအခြေအနေကို ကျွန်တော် တစ်ယောက်ကလွဲလို့ ဘယ်သူမှ မသိကြပါဘူး။ သူ့အခြေအနေ အတော်အတန်ကောင်းလာပြီဖြစ်လို့ သူ့ကို ပထမနည်းအတိုင်း ပြန်ထမ်းပြီး ဖောင်ပေါ်ကနေ ဆင်းပါတယ်။ ကျောက်ဆောင်ကိုဖြတ်ပါတယ်။ ပြီးနောက် ကုန်းပေါ်ကိုတက်ပြီး ကံအားလျော်စွာ ကုန်တင်ကားတစ်စီးနဲ့ ဆေးရုံပို့ဖို့ ကြိုးစားခဲ့ပါတယ်။ တနင်္ဂနွေနဲ့ကြုံနေလို့ ခတ်ချိုကျေးလက်ဆေးခန်းမဖွင့်ပါဘူး။ ဒါကြောင့် လေးမိုင်ကျော်ဝေးတဲ့ ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံကို ပို့ပေးရမှာဖြစ်ပါတယ်။ ရရာကုန်တင်ကားနဲ့ပဲ ကားဆရာကို အကူအညီတောင်းခဲ့ရပါတယ်။

လူနာကို ကားရဲ့ရှေ့ခန်းထဲမှာ ခြေကိုအရင်သွင်းပြီး နောက်ကလိုက်လာတဲ့ ရဲဘော်နှစ်ယောက်ကို မ ခိုင်းပါတယ်။ ကျွန်တော်ကားထဲဝင်ထိုင်ပြီးမှ ထောက်ထားတဲ့ ဒူးပေါ် လူနာကို မှောက်တင်ကာ ဦးခေါင်းကိုနှိမ့်ထားပါတယ်။ အသက်ရှူလမ်းကြောင်းကိုလည်း ဖြောင့်အောင်ထားပေးပါတယ်၊ ကားကိုမောင်းခိုင်းပြီး တစ်လမ်းလုံး လူနာအသက်ရှူ မရှူ အခြေအနေကြည့်နေရပါတယ်။

လမ်းမှာ ဂျစ်ကားတစ်စီး ထပ်တွေ့တာနဲ့ မြန်မြန်ရောက်အောင် ကျွန်တော် အကူအညီထပ်တောင်းရပါတယ်။ လူနာကို ကုန်တင်ကားပေါ်ကနေ ဂျစ်ကားပေါ် ပြောင်းစဉ်မှာ ရေနဲ့ အန်ဖတ်တွေပြန်ထုတ်လိုက်တော့ ရေ၊ အန်ဖတ်၊ အညစ်အကြေးတွေ ထပ်ကျလာပြီး ကျွန်တော့်တစ်ကိုယ်လုံး ပေကျံနေပါတော့တယ်။ လူနာဟာ အသက်ရှူနှုန်း ပိုမိုမှန်ကန်လာတာကြောင့် စိတ်ချရတဲ့ အနေအထားဖြစ်နေပါတယ်။ အဖော်ဖြစ်သူ ရဲဘော်တင်လှမှာ အလွန်စိုးရိမ်နေတဲ့အတွက် သူ့ကို တစ်လမ်းလုံး အားပေးစကားပြောခဲ့ရပါတယ်။ ဆေးရုံရောက်ချိန်မှာ ညနေ ၄ နာရီခန့်ရှိနေပြီ။ ကျွန်တော် လူနာကို ဆေးရုံထဲ ထမ်းခေါ်သွားခဲ့တယ်။

ဆေးရုံမှာ ဝိုင်းအုံလာတဲ့သူတွေ ရှိလာပြန်ပါတယ်။ သူတို့အထဲက အမျိုးသမီးတစ်ယောက်ဆီက စောင်တစ်ထည်တောင်းပြီး လူနာကို ခြုံထားလိုက်တယ်။ မကြာခင်မှာ လူနာပါးစပ်ဟလာတယ်။ လျှာထုတ်လာတယ်။ လျှာဖျားမှာ သွေးစက်လေးတွေပေါ်လာတယ်။ ကျွန်တော် ချက်ချင်းအသိတစ်ခု ဝင်လာပါတယ်။

လူနာသတိရပြီထင်တယ်ဆိုတဲ့ အသိပါပဲ။ လူနာကို ဆေးရုံအထိ လိုက်ပို့ပေးခဲ့ပေမယ့် သူ့နာမည်ကို မသိခဲ့သေးပါဘူး။ အဖော်ဖြစ်သူကိုမေးတဲ့အခါမှ ရဲဘော်ခင်မောင်အေးလို့ သိရပါတယ်။ "ကိုခင်မောင်အေး၊ ခင်ဗျားအခုဆေးရုံရောက်နေပြီ သက်သာသလိုနေပါ၊ ခဏလေး သက်သာသွားမယ်၊ ဘာမှမတွေးနဲ့ဦး၊ သက်သာသလိုနေဦး"လို့ အားပေးစကားပြောခဲ့ပါတယ်။

မကြာပါဘူး ဆရာဝန်ရောက်လာတယ်။ ကျွန်တော်ဟာ ပြိုင်ပွဲဝင်နေသလို ဆရာဝန်ရှေ့မှာ မတ်တတ်ရပ်ပြီး ဖြစ်ပျက်ပုံကို အသေးစိတ်အစီရင်ခံပါတယ်။ ကျွန်တော့်ကို ဆရာဝန်က ကျေးဇူးတင်ကြောင်းပြောပါတယ်။

ရှေးဦးပြုစုခြင်းဆိုတာက ဆရာဝန်ဆီ မရောက်မီနဲ့ ဆေးဝါးအကူအညီမရမီ လူနာဒဏ်ရာအခြေအနေ သက်သာအောင်ပြုစုခြင်းပါ။ အခုတော့ ဆရာဝန်ရောက်ပြီး ဆေးဝါးအကူအညီလည်း ရပြီဖြစ်တဲ့အတွက် ကျွန်တော် တင်းထားတဲ့စိတ်ကို လျှော့ချလိုက်ပါတယ်။

၁၉၇၇ ခုနှစ် ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ကျင်းပသော (၂၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် ချီးမြှင့်သော ဟင်နရီဒူးနန့်ဆုကို မြန်မာနိုင်ငံမှ စိုင်းအောင်လှိုင်မြင့်က ရရှိခဲ့သည်။ အဆိုပါဆုရစဉ်က စိုင်းအောင်လှိုင်မြင့်မှာ အသက် ၂၁ နှစ်အရွယ်သာရှိသေးပြီး ကမ္ဘာ့အသက်အငယ်ဆုံး ဆုတံဆိပ်ပိုင်ရှင်ဖြစ်ခဲ့သည်။ ၁၉၅၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ် ခေါင်ဖူးကျေးရွာတွင် မွေးဖွားခဲ့ပြီး ငယ်နာမည် မောင်တင်လှိုင် ဖြစ်သည်။ ဗုဒ္ဓဘာသာ ရှမ်းလူမျိုးဖြစ်သည်။ ၁၉၈၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ဦးနှောက်အမြှေးပါးရောင်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ လှူဒါန်းခဲ့သည်။ ။



ရှေးဦးပြုစုခြင်း ဆိုတာက ဆရာဝန် ဆီ မရောက်မီနဲ့ ဆေးဝါး အကူအညီ မရမီ လူနာဒဏ်ရာ အခြေအနေသက်သာ အောင် ပြုစုခြင်း ပါ။

# ပြည်တွင်းရေးရာ

**☆ (၇၃)နှစ်မြောက်မှ**

ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မောင်မောင်ကျော်နှင့် တပ်မတော်အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်မော်ကွန်းဝင် ပုဂ္ဂိုလ်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ လွှတ်တော်ကော်မတီများမှဥက္ကဋ္ဌများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ၂၀၁၇ ခုနှစ်တွင် သူရဘွဲ့နှင့် တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိခဲ့ကြသော အရာရှိ၊ စစ်သည်များနှင့်အမွေခံများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပြည်သူ့စစ်နှင့်နယ်ခြားစောင့်ဗဟိုအကြံပေးကွပ်ကဲရေး အဖွဲ့များ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ် သင်တန်းများမှ အုပ်ချုပ်သူနည်းပြများနှင့် သင်တန်းသားသင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဗဟိုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ယင်းနောက် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး စစ်ကြောင်းကြီးများမှ (ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သစ္စာလေးချက်ကို သံပြိုင်ညီညာရွတ်ဆိုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ လက်တွဲပြီး ဖက်ဆစ်တော်လှန်ရေးဆင်နွှဲ သမိုင်းမော်ကွန်းရေးထိုးနိုင်ခဲ့သည့် (၇၃)နှစ်မြောက် တပ်မတော်နေ့ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် ဖက်ဆစ်တော်လှန်ရေးကြီးတစ်ရပ်ကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် စတင်ဆင်နွှဲနိုင်ခဲ့၍ နိုင်ငံ့တပ်မတော်တစ်ရပ်၏ ဂုဏ်ထူးဝိသေသနှင့် ပီပြင်ပြည့်စုံခဲ့သည့် နေ့ထူးနေ့မြတ်လည်းဖြစ်ကြောင်း။

မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် အစဉ်အလာကောင်းများနှင့် ယနေ့တိုင်ရှင်သန်နေသည့် တပ်မတော်၏ သမိုင်းကြောင်းကို ယှဉ်တွဲတွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးစစ်ပွဲများ ဆင်နွှဲပြီး နိုင်ငံ၏လွတ်လပ်ရေးကို အရယူပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက်



(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် မိန့်ခွန်းပြောကြားစဉ်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင်သည် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပသည့် စစ်ရေးပြကွင်းကြီးသို့ မြင်းစီးတပ်ဖွဲ့ဝင်များ ခြံရံလျက်ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ပိုင်းတွင်လည်း နိုင်ငံတော်၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာတည်ရှိမှုကို အမျိုးသားအကျိုးစီးပွားနှင့်ယှဉ်၍ ကာကွယ်စောင့်ရှောက်ခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတော်ပြိုကွဲပျက်စီးစေမည့် အခြေအနေများကို ကာကွယ်ထိန်းသိမ်းပေးခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိစေရေးအတွက်လည်း အခါအခွင့်သင့်တိုင်း ကြိုးပမ်းအားထုတ်ခဲ့ကြောင်း။

ထို့ပြင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ကျင့်သုံးနိုင်ရေး လိုအပ်သည့်အခြေခံကောင်းများ တည်ဆောက်ပေးခဲ့ပြီး နိုင်ငံရေး၏အုပ်ချုပ်ရေးစနစ် အသွင်ကူးပြောင်းမှု ညင်သာချောမွေ့စေရေးအတွက်လည်း ကမကထပြု ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် တပ်မတော်၏ အခန်းကဏ္ဍနှင့် ရပ်တည်ဆောင်ရွက်ချက်များသည် အလွန်အရေးပါခဲ့ပြီး ဂုဏ်ယူဖွယ်ရာလည်း ဖြစ်ခဲ့ကြောင်း။ **စာမျက်နှာ ၉ သို့** ◆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား
စစ်ကြောင်းကြီးများ ချီတက်အလေးပြုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ
တပ်မတော်သားများအား ဂုဏ်ပြုပန်းကုံး စွပ်၍ ကြိုဆိုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား
စစ်ကြောင်းကြီးများ ချီတက်အလေးပြုစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား
စစ်ကြောင်းကြီးများ ချီတက်အလေးပြုစဉ်။

◆ စာမျက်နှာ ၈ မှ

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိနေကြောင်း၊ တိုင်းပြည်၏ နိုင်ငံရေးပုံစံ၊ နိုင်ငံရေးလမ်းကြောင်းများ မည်သို့ပြောင်းလဲနေစေကာမူ အဆိုပါဖြစ်စဉ်များတွင် တပ်မတော်အနေဖြင့် မည်သည့်တိုက်တွန်းချက်မျှ မပါဝင်ဘဲ နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် အမျိုးသားနိုင်ငံရေးတာဝန်များ ထမ်းဆောင်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်သည်ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းလျက်ရှိကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ ရှုထောင့်မျိုးစုံမှ ကြည့်ပြီး အမြင်မတူသည်များကို ပေါင်းစပ်ညှိနှိုင်းကာ တူညီသည့် သဘောထားများနှင့် စုစည်းနေထိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ ရှိစမြဲပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင်လည်း ဒီမိုကရေစီစံနှုန်းနှင့်အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်ရှိသည်ဆိုသော်လည်း ပြဋ္ဌာန်းထားသည့် စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ပြောဆိုရေးသားရန် လိုအပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်ဖြစ်ကြောင်း၊ စည်းကမ်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းညွှန်မြေပုံပင်ဖြစ်ကြောင်း၊ အခြေအမြစ်မရှိသည့် စည်းကမ်းမဲ့ပြောဆိုရေးသားမှုများသည် အမုန်းတရားကိုဖြစ်စေပြီး နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေသည့်အပြင် နိုင်ငံတော်တည်ဆောက်ရေးတွင်လည်း အဟန့်အတားဖြစ်စေကြောင်း။




(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြစဉ်။




(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြစဉ်။

သဘောထားကွဲလွဲမှုများကို လက်နက်စွဲကိုင်တောင်းဆိုရန် မလိုအပ်တော့သည့်အတွက် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှု အဖြေရှာကြရမည်ဖြစ်ကြောင်း၊ ထိုသို့ တွေ့ဆုံဆွေးနွေးအဖြေရှာသည့်အခါတွင်လည်း တိုင်းရင်းသားလူထုအားလုံး၏ လိုလားချက်များကို လက်တွေ့ကျကျအကောင်အထည်ဖော်ပေးနိုင်မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လမ်းကြောင်းကို အခြေခံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးပြီး စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ လက်ရှိ နိုင်ငံရေးလမ်းကြောင်း တည်ငြိမ်မှုနှင့် ခိုင်မာမှုရှိအောင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အမြန်ဆုံးရရှိခံစားနိုင်ကြရန်အတွက် NCA မှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်အကောင်အထည်ဖော်ရာတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များကို တိုးတက်အောင်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးကိစ္စ ဆွေးနွေးကြသည့်အခါတွင် မဖြစ်နိုင်သည်များကို

မြန်မာနိုင်ငံအတွင်း လူမျိုးစုပေါင်း ၁၃၀ ကျော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက အတူတကွ အေးချမ်းစွာယှဉ်တွဲနေထိုင်ခဲ့ကြကြောင်း၊ လူမျိုးစုများထဲတွင် လူဦးရေသိန်းနှင့်ချီပြီးရှိသည့် တိုင်းရင်းသားလူမျိုးစုများရှိသကဲ့သို့ လူဦးရေအနည်းငယ်သာရှိသည့် တိုင်းရင်းသားလူမျိုးစုများလည်း ပါဝင်ကြောင်း၊ အင်အားနည်းခြင်း၊ များခြင်းသည် အဓိကမဟုတ်ဘဲ တိုင်းရင်းသားလူမျိုးစုအားလုံးအတွက် အခွင့်အရေးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်ပြေးညီ အတူတူပင်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာသာသနာသည် မြန်မာနိုင်ငံတွင် အများစုကိုးကွယ်ကြပြီး အခြားဘာသာသာသနာကိုလည်း ကိုးကွယ်ယုံကြည်ခွင့်ရှိကြောင်း၊ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်လာပါက အထင်အမြင်လွဲမှားအောင် ပြောဆိုပြုမူနေခြင်းကို ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးမကြာမီ ကိုလိုနီဘဝက နယ်ချဲ့များကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့် အယူဝါဒရေးအရ၊ လူမျိုးရေးအရ၊ ဘာသာရေးအရ စိတ်ဝမ်းကွဲပြားမှုများစွာ ပေါ်ပေါက်ခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ယနေ့အချိန်ထိဖြစ်ပွားလျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးရရှိရန် အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း၊ ယခုလည်း ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ် ပြောင်းလဲကျင့်သုံးနေပြီဖြစ်သည့် မိမိတို့နိုင်ငံတွင်



တောင်းဆိုပြီး အချိန်ဆွဲထားမည့်အစား ဖြစ်သင့်ဖြစ်ထိုက်သည်များကို အရှည်မြော်တွေး ညှိနှိုင်းကြခြင်းသည် ပိုမိုလက်တွေ့ဆန်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး တည်ငြိမ်အေးချမ်းမှုမရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အာဆီယံအသိုက်အဝန်း၌ပင် နောက်ကျကျန်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျန်သည့်နိုင်ငံများကို အမီလိုက်မည်ဆိုပါက သူများခြေတစ်လှမ်းလှမ်းရင် ကိုယ်ကခြေလှမ်းများစွာလှမ်းနိုင်မှဖြစ်မည်ဖြစ်ကြောင်း၊ ဤနေရာတွင် လူမျိုး၊ ဘာသာခွဲခြားမှုမရှိဘဲ မြန်မာစိတ်မွေးပြီး နိုင်ငံတိုးတက်ရေးအတွက် စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြရန်လိုအပ်ကြောင်း၊ အတိတ်ကိုလက်ညှိုးထိုးပြီး အပြစ်ရှာနေခြင်းထက် အတိတ်အပေါ်သင်ခန်းစာဖော်ထုတ်ပြီး နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားကြရန် အချိန်ရောက်နေပြီဟု ပြောကြားလိုကြောင်း။

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရန်အတွက် တိုင်းရင်းသားလူမျိုးများနေထိုင်သည့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးကြောင်း၊ ယခင် တပ်မတော်အစိုးရလက်ထက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝင်ဒေသ ၂၂ ခုသတ်မှတ်ပြီး တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားများနေထိုင်ရာဒေသများသည် ပိုမိုဖွံ့ဖြိုးတိုးတက်ခဲ့ကြောင်း၊ လက်ရှိကာလတွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနများဖွင့်လှစ်ပြီး ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသတွင်ရှိသည့် စာမျက်နှာ ၁၀ သို့ ✳



(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြစဉ်။ (အပေါ်ပုံ)

(၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာသူများကို တွေ့ရစဉ်။ (ဝဲပုံ)

# (၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြ တပ်ခွဲများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၇**

(၇၃)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စုရပ်သစ် တပ်စစ်ရေးပြကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် (၇၃)နှစ်မြောက်တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်အေးက စစ်ရေးပြဂုဏ်ပြုဆုများ ရရှိကြသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအထူးတပ်ဖွဲ့နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုတပ်ဖွဲ့တို့အားလည်းကောင်း၊ အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲဂုဏ်ပြုဆုကို အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ အားလည်းကောင်း၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့ဂုဏ်ပြုဆုကို ဗဟိုစစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း၊ အလံကိုင်အဖွဲ့ဂုဏ်ပြုဆုကို တပ်မတော်(ကြည်း)အမျိုးသမီးအလံကိုင်အဖွဲ့အားလည်းကောင်း၊ မြင်းစီးစစ်ရေးပြတပ်စု ဂုဏ်ပြုဆုကို မြင်းစီးစစ်ရေးပြတပ်စုအားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းဂုဏ်ပြုဆုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့အားလည်းကောင်း၊ အလံကိုင်အဖွဲ့ အကောင်းဆုံးဆုကို ဘုရင့်နောင်စစ်ကြောင်း ကိုယ်စားပြုအလံကိုင်အဖွဲ့အားလည်းကောင်း၊ စစ်တီးဝိုင်းအဖွဲ့ အကောင်းဆုံးဆုကို အနော်ရထာစစ်ကြောင်း ကိုယ်စားပြုစစ်တီးဝိုင်းအဖွဲ့အားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။



**ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။**

ဆက်လက်၍ အကောင်းဆုံးစခန်း တတိယဆုရရှိသော အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသော အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ ၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသော စစ်လက်နက်ပစ္စည်း ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသော လျှပ်စစ်နှင့်စက်မှု အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကောင်းဆုံးစခန်း ဒုတိယဆုရရှိသော လေကြောင်းရန်ကာကွယ်ရေး တပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ ၊ စစ်ချီသီချင်း အကောင်းဆုံး ဒုတိယဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ(၁)၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသော သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသော အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ဒုတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)စစ်ရေးပြတပ်ခွဲ ဒုတိယဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၂)၊ တပ်မတော်(ကြည်း)(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ဒုတိယဆုရရှိသော တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) စစ်ရေးပြတပ်ခွဲ(၃)၊ တပ်မတော်(ကြည်း) (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ ပထမဆုရရှိသော တပ်မတော်(ကြည်း)(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံးစခန်း ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသော ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသော ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ပထမဆုရရှိသော ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးက စံပြတပ်ခွဲ တတိယဆု ရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသော စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ပထမဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ကိုယ်စားပြုစစ်ရေးပြဂုဏ်ပြုတပ်ခွဲတို့အား ဆုများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**✻ စာမျက်နှာ ၉ မှ**

တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရှိန်အဟုန်မကျသွားအောင် ပိုမိုအလေးထားကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

မိမိတို့တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်ရေးအတွက် လိုအပ်သည့် အခြေခံကောင်းများဖြစ်ပေါ်လာအောင် ပုံဖော်ဖန်တီးပေးခဲ့ပြီး ဒီမိုကရေစီကူးပြောင်းမှု ညင်သာချောမွေ့စွာဖြစ်စေရေးကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိရန်နှင့် ကျင့်သုံးလျက်ရှိသည့် ပါတီစုံဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရေးအတွက် တပ်မတော်အနေဖြင့် ရိုးသားမှုကိုအခြေခံပြီး မျှော်လင့်ချက်၊ ယုံကြည်ချက်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် မဖြစ်မနေလိုအပ်သည့်အတွက် တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်ကို ချမှတ်ပြီး ခိုင်ခိုင်မာမာ ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်က ချမှတ်ထားသည့် ငြိမ်းချမ်းရေးမူဝါဒ ၆ ရပ်သည် ယခင်ဖြတ်သန်းခဲ့ရသည့် ငြိမ်းချမ်းရေး အတွေ့အကြုံများနှင့် လက်ရှိငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် တွေ့ကြုံလာသည့် အခက်အခဲများအရ နိုင်ငံတော် တည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချမှတ်ထားခြင်းလည်းဖြစ်ကြောင်း။

တပ်မတော်၏ ပင်မတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးဖြစ်ပြီး အဆိုပါ တာဝန်ကို ပြည်သူလူထုတစ်ရပ်လုံးနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် နိုင်ငံအလိုက် သမိုင်းကြောင်းကို မူတည်ပြီး ကွဲပြားမှုရှိကြောင်း၊ မည်သည့် အစိုးရ မည်သည့် နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ၊ မိမိတို့တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်ရန်ပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိက တာဝန်ကြီးများအဖြစ် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရန်ဖြစ်ပြီး နိုင်ငံ့အကျိုးပြု၊ ပြည်သူအကျိုးပြုလုပ်ငန်းများကို အမျိုးသားရေး အသိနှင့်ယှဉ်ကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက်ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာများကို လက်ဆင့်ကမ်းစောင့်ထိန်းပြီး (၇၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ရေးပြမှူးကြီး ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ သယ်ယူပို့ဆောင်ရေးရဟတ်ယာဉ်လေးစင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊လေ)အလံများကို အသီးသီးချိတ်ဆွဲ၍ အစဉ်လိုက်ပျံသန်းကြသည်။ အထူးတာဝန်တပ်ဖွဲ့ ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲမှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ရေ)မှ ရေတပ်စစ်ဆင်ရေးအထူးတပ်ဖွဲ့(Navy SEALs) မှ အရာရှိ၊ စစ်သည်များက ရဟတ်ယာဉ်များပေါ်မှ အမြန်ဆင်းကြိုးများဖြင့် မြေပြင်ပေါ်သို့ အသီးသီးဆင်းသက်ကြပြီး စစ်ရေးပြ စစ်ကြောင်းများနှင့်အတူ လိုက်ပါချီတက်ကြသည်။

ထို့နောက် တပ်မတော်(လေ)မှ တိုက်ခိုက်ရေးရဟတ်ယာဉ် တစ်စင်းနှင့် အပေ့ါစားသယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် သုံးစင်းတို့က အမျိုးအစားမတူညီသော ရဟတ်ယာဉ်များ အုပ်ဖွဲ့လျက် ပုံစံဖြင့်လည်းကောင်း၊ အပေ့ါစားသယ်ယူပို့ဆောင်ရေး လေယာဉ်သုံးစင်းက Vic Formation ပုံစံဖြင့်လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း၊ အမောင်းသင်လေယာဉ်လေးစင်းတို့က အမျိုးအစား မတူညီသောအုပ်ဖွဲ့လျက် Arrow Head Composite Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်း၊ တိုက်ခိုက်ရေးဂျက်လေယာဉ်နှစ်စင်းတို့က အမျိုးအစားမတူအုပ်ဖွဲ့ပျံသန်း၍ Composite Formation ပုံစံဖြင့် လည်းကောင်း၊ အလတ်စားသယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းနှင့် အပေ့ါစားအမောင်းသင်ဂျက်တိုက်လေယာဉ် လေးစင်းတို့က Smoke Trail များ အသုံးပြုပျံသန်း၍လည်းကောင်း၊ အဆင့်မြင့်လေ့ကျင့်ရေးဂျက်တိုက်လေယာဉ် လေးစင်းက ပျံသန်း၍လည်းကောင်း၊ ကြားဖြတ်တိုက်ခိုက်ရေးလေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့် လည်းကောင်း၊ ဘက်စုံသုံးဂျက်တိုက်လေယာဉ် ငါးစင်းက Arrow Head Formation ပုံစံဖြင့် ပျံသန်းပြီး ယပ်တောင်သဏ္ဌာန်ခွဲထွက်ကာ မီးကျည်များ ပစ်လွှတ်၍လည်းကောင်း သရုပ်ပြပျံသန်းပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား နှုတ်ဆက်၍ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာသွားပြီး ၂၀၁၈ ခုနှစ် (၇၃)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

**○ ကျောဖုံးမှ**

ဒါကြောင့် ကျွန်တော်ဘောလုံးကစားခဲ့တဲ့ ဘရာဇီးနိုင်ငံမှာ လူငယ်ဘောလုံးလေ့ကျင့်ရေးစခန်းတစ်ခု စတင်တည်ထောင်ခဲ့ပြီး အခုဆိုရင် နိုင်ငံ လေးနိုင်ငံမှာ တည်ထောင်ပြီးဖြစ်ပါတယ်၊ ဘရာဇီးနိုင်ငံက စီးပွားရေး သိပ်မကောင်းပါဘူး၊ ကစားသမားကောင်းဖြစ်ဖို့ဆိုတာ တော်တော်ကြိုးစားမှ ရတာပါ၊ ဒါကြောင့် ကလေးသူငယ်တွေအနေနဲ့ ကြိုးစားအားထုတ်မှုအပြင် အခက်အခဲကိုလည်း ရင်ဆိုင်နိုင်ဖို့လိုပါတယ်၊ ကျွန်တော်တို့အနေနဲ့ အခုလေ့ကျင့်ခန်းမှာ ဘောလုံးလေ့ကျင့်ခန်းတွေအပြင် စိတ်နေစိတ်ထားတွေကိုပါ သင်ကြားပေးမှာပါ၊ မြန်မာလူငယ်တွေကိုလည်း ဘောလုံးသမားကောင်းဖြစ်စေချင်ပါတယ်၊ သူတို့ကို နှစ်ရက်ပဲ လေ့ကျင့်ပေးရမှာဖြစ်ပေမယ့် အချိန်တိုအတွင်းမှာ အကောင်းဆုံးသင်ကြားပေးမှာပါ၊ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးသူငယ်တွေရဲ့ အနာဂတ်ကို ပုံဖော်ပေးချင်ပါတယ်၊ ဘရာဇီး ကစားဟန်တွေကိုပဲ သင်ကြားပေးမှာဖြစ်ပြီး မြန်မာနိုင်ငံမှာ ဘရာဇီးအသင်းပရိသတ်တွေများပြားတဲ့အတွက် ပိုပြီးဝမ်းသာပါတယ်၊ အခု ခရီးစဉ် စီစဉ်ပေးတဲ့သူတွေကိုလည်း ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

ယင်းဘောလုံးသင်တန်းအတွက် သတင်းစာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းက Novotel Hotel ၌ ကျင်းပသည်။ အခမ်းအနားတွင် Asian Youth Football Development Association ဥက္ကဋ္ဌ Mr.Hirayama က အဖွင့်အမှာစကားပြောကြားပြီး ဘရာဇီးလက်ရွေးစင် ကစားသမားဟောင်း အက်ဒ်မီဆင်နှင့် ဂျပန်ဘောလုံးသမားဟောင်း ဟာရာရှီတို့က ဘောလုံးသင်တန်း လာရောက်ဖွင့်လှစ်ခြင်း၊ CBF Camp တည်ထောင်ထားခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက အမှာစကားပြောကြားပြီး ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်၊ ဂျပန် ဘောလုံးသမားဟောင်း ဟာရာရှီတို့နှင့်အတူ တက်ရောက်လာသည့် မီဒီယာများက မေးမြန်းမှုများကို ရှင်းလင်းဖြေကြားသည်။

ယင်းနောက် Genyu-Kyo မန်နေဂျင်းဒါရိုက်တာ Mr.Hiroyuki Naka က နိဂုံးချုပ်အမှာစကားပြောကြားသည်။

အက်ဒ်မီဆင်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၇ ခုနှစ်အထိ ဘရာဇီးလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ပြီး ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ချန်ပီယံဆုရယူရာတွင် ပါဝင်ခဲ့သည်။ ထို့အပြင် နာမည်ကြီးကလပ်အသင်းများ ဖြစ်သည့် ဘာစီလိုနာ၊ လိုင်ယွန်၊ ဆာပေါ်လို၊ ဗီလာရီးယဲလ် စသည့် ကလပ်အသင်းများတွင် ပါဝင်ကစားခဲ့ဖူးကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**




**မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည် မတ် ၂၃ ရက်က မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်မော်တာ အပ်ချုပ်သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ်နှင့်ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။**

ကြေးမုံ

# မြောက်ဦးမြို့၌ (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အေးချမ်းသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲ ကျင်းပ



**မြောက်ဦး မတ် ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre )တွင် (၇၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြပွဲနှင့် တပ်မတော်နေ့ နံရံကပ်ဓာတ်ပုံပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံပြပွဲတွင် ကျောင်းသား ကျောင်းသူများနှင့် ပြင်ပမှ ဓာတ်ပုံဝါသနာရှင်များ လေ့လာကြည့်ရှုနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ၊ မြန်မာ့ရေမြေတောတောင် သဘာဝရှုခင်းအလှများ၊ ချစ်ခင်စဖွယ်ကောင်းသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာပွဲတော်များ၏ အလှပုံရိပ်များကို ဓာတ်ပုံများမှ သိရှိခံစားနိုင်ရန်နှင့် ဓာတ်ပုံပညာများကို လေ့လာနိုင်ရန် ရည်ရွယ်၍ ပြိုင်ပွဲဝင်ဓာတ်ပုံနှင့် ဆုရဓာတ်ပုံများအား "အေးချမ်းသာယာ ပြည်မြန်မာ" ဓာတ်ပုံပြပွဲနှင့် နံရံကပ် ဓာတ်ပုံပြပွဲများ ကျင်းပပေးခဲ့ကြောင်း သိရသည်။

ထို့နောက် (၇၃) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသော သတင်းစကား လက်ကမ်းစာစောင်များကို မြောက်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက မြောက်ဦးမြို့ တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် မတ် ၂၇**

(၇၃) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့ လှိုင်နယ်မြေရှိ သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးတွင် ယနေ့နံနက် ၇ နာရီက မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသိန်းထွန်းဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဌေး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ မွန်ပြည်နယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ရဲမှူးမိုးဦး ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့ ရဲမှူးအေးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များနှင့် အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၇၈ ဦးတို့က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။ **၁၀၇**



## သောက်သုံးရေရှားပါးသော ကျောက်စုကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**မယ်စဲ့ မတ် ၂၇**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် နှစ်စဉ် သောက်သုံးရေ ရှားပါးခက်ခဲသည့် ကျောက်စုကျေးရွာသို့ ကယားပြည်နယ်အစိုးရ၏ ထောက်ပံ့မှုဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို မတ် ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**




## ကလေးစာပေပွဲတော်(ဟသ်ာတ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ဟသ်ာတ မတ် ၂၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကလေးစာပေပွဲတော်(ဟသ်ာတ)ကို မတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဟသ်ာတမြို့ ရွှေစေတီလမ်းရှိ အထက(၃)ကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၊ ကလေး၊ လူငယ် လူရွယ်များ၊ မိဘဘိုးဘွား အရွယ်စုံပါဝင်ဆင်နွှဲနိုင်ပြီး ပုံပြော၊ ကဗျာရွတ်၊ စက္ကူခေါက်၊ပန်းချီ၊ ကာတွန်း၊ ဆေးရောင်ခြယ်၊ ဖူဆယ်ဘောလုံးပြိုင်ပွဲ၊ ဆန်ကောရွက်၊ ပြေးခုန်ပစ်၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်၊ ချိုချဉ်ကိုက် စသည့် ပြိုင်ပွဲများနှင့် ခွက်နင်းလမ်းလျှောက်၊ ခုံဖိနပ်နင်းလမ်းလျှောက်၊ ပူဖောင်းညှပ်လမ်းလျှောက်၊ ခါးလှည့်ကွင်းကစားနည်း၊ ဂေါက်သီးဂိုးသွင်းကစားနည်း၊ အရုပ်ဆက်ကစားနည်း၊ စကားပုံဆက်ကစားနည်းနှင့် အိမ်ဆောက်အရုပ်ဆက် စသည့် ကစားနည်းများကို ထည့်သွင်းကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ထို့အပြင် ပညာဗဟုသုတရရှိစေမည့် ခေါင်းစဉ်များဖြင့် စာရေးဆရာများ၏ ဟောပြောမှု၊ စာပေဆွေးနွေးမှုများ၊ ကလေးစာပေပြခန်း၊ မင်းသုဝဏ်စာအုပ်ပြခန်းနှင့် ကရင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအသုံးအဆောင်ပြခန်းများ၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းနှင့် တက္ကသိုလ်ကျောင်းများမှ သိပ္ပံလက်တွေ့ပြခန်းနှင့် အိမ်တွင်းမှုပြခန်း၊ တီထွင်စမ်းသပ်မှုပြခန်းများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းများကို ပြသထားရှိပေးသွားမည်ဖြစ်ပြီး ရန်ကုန်မြို့မှ စာအုပ်ဆိုင်များနှင့် ဒေသခံစာအုပ်ဆိုင်များမှ စာအုပ်၊ စာစောင်များကို ခင်းကျင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကလေးစာပေပွဲတော်(ဟသ်ာတ)ကို နိုင်ငံ၏ နောင်အနာဂတ်တွင် ခေါင်းဆောင်များဖြစ်လာကြမည့် ကလေးများ၏ ဉာဏ်ရည် ဉာဏ်သွေးနှင့် အယူအဆများ ထက်မြက်လာစေရန်၊ ကလေးများ၏ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်နှင့် နှုတ်မှုရေးရာ ပြောဆိုနိုင်သည့် စွမ်းရည်များမြင့်မားလာစေရန်၊ ကလေးများ စာပေနှင့် ထိတွေ့ရင်းနှီးခွင့်ရပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို ဖန်တီးပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်းက ပြောသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင်ကျွန်း မတ် ၂၇**

(၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် မော်လမြိုင်ကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ကြီးမှူး၍ မော်လမြိုင်ကျွန်းမြို့ ချမ်းမြေ့ဘိုးဘွားရိပ်သာတွင် ပြည်သူ့အကျိုးပြုအဖြစ် ချမ်းမြေ့ဘိုးဘွားရိပ်သာအတွင်း၊ အပြင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းနှင့် ဘိုးဘွားများအား တစ်နေ့တာ ကျွေးမွေးစရိတ် လှူဒါန်းပွဲကို မတ် ၂၇ ရက် နံနက် ၈ နာရီခွဲက ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲတွင် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ တပ်ကြပ်ကြီးငြိမ်းမောင် (အငြိမ်းစား)နှင့် အမှုဆောင်ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ချမ်းမြေ့ဘိုးဘွားရိပ်သာ အတွင်း၊ အပြင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းစသော သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြပြီး ဘိုးဘွားများအတွက် တစ်နေ့တာ ကျွေးမွေးစရိတ်များကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က လှူဒါန်းရာ ချမ်းမြေ့ဘိုးဘွားရိပ်သာတာဝန်ခံ ရိပ်သာမှူး ဦးလင်းလင်းက လက်ခံရယူသည်။

ထို့နောက် (၇၃)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ မိတ်ဆုံစားပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

■









ရန်ကင်းမြို့နယ် အမှတ် (၁၁) ရပ်ကွက် ကံဘဲ့ဘူတာရုံလမ်း မိုးကောင်း ဒေဝဘုန်းတော်ကြီးကျောင်းခန်းမ၌ မတ် ၂၅ ရက် မွန်းလွဲ ၂ နာရီက ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းထွန်းအောင်က သက်ငယ်မုဒိမ်းမှု ကျဆင်းရေးနှင့် မှုခင်းကျဆင်းရေးဟောပြောဆွေးနွေးစဉ်။ ကြေးမုံ

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ် ၂၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၇၃ စီး၊ သွင်းကုန် ၈၅၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၀၇၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၅၁၇ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁ ဒသမ ၅၉၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် မတ် ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ လှည့်ကင်း



လိုက်လံစစ်ဆေးစဉ် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ TOYOTA CROWN၊ HONDA AIRWAVE၊ HONDA ODYSSEY၊ HONDA FIT နှင့် NISSAN NOTE စုစုပေါင်း မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၅ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ကျောက်မဲမြို့ ပြည်ထောင်စုကားလမ်းမကြီးတွင် ပေါက်ကွဲမှုဖြစ်

**ကျောက်မဲ မတ်၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့ ပန်ပေါင်းကျေးရွာ ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင် ၁၁၀/၅ တိုးဂိတ်အနီးတွင် မတ် ၂၆ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ပွားရာသို့ နယ်မြေခံတပ်၊ BE တပ်နှင့် ကျောက်မဲရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရာ လားရှိုးမှ မန္တလေးဘက်သို့အဆင်း တိုးဂိတ်ကတ္တားနှင့် ကိုက် ၂၀ ခန့်အကွာတွင် အသံမိုင်းဟု ယူဆရသော မိုင်းတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် BE တပ်မှ ရှင်းလင်းရေးဆောင်ရွက်နေစဉ် ည ၁၂ နာရီကျော်ခန့်တွင် ယင်းကတ္တားနှင့် ၁၀ ကိုက်ခန့်အကွာမှ ရီမုတ်မိုင်း ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့ပြီး လမ်းဘေးခြံစည်းရိုးတိုင်တစ်တိုင် ပျက်စီးသွားခဲ့သည်။

အခင်းဖြစ်စဉ်အား သက်ဆိုင်ရာတာဝန်ရှိသူများ၏ စစ်ဆေးချက်အရ ပထမတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မိုင်းမှာ အသံမိုင်းဖြစ်ပြီး ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်သည့် မိုင်းမှာ လက်လုပ်ရီမုတ်မိုင်းဖြစ်ကြောင်း သုံးသပ်စစ်ဆေးတွေ့ရှိရသည်ဟု သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးပတ်ဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် BE တပ်မှ နယ်မြေရှင်းလင်းရေးဆောင်ရွက်လျက်ရှိပြီး မော်တော်ယာဉ်များလည်း ပုံမှန်သွားလာနေကြကြောင်း သိရသည်။

**သီပေါကိုလတ်**

# ဟိုပင်တွင် ဆီဘောက်ဆာယာဉ်တိမ်းမှောက်

**ဟိုပင် မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့မြောက်ဘက် လေးမိုင်ခန့်အကွာ ကြာကြီးကွင်းရွာတောင်ဘက်အနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် မတ် ၂၇ ရက် မွန်းတည့် ၁၂ နာရီခန့်က ၂၂ ဘီး ဆီဘောက်ဆာတွဲကားတစ်စီး အရှိန်မထိန်းနိုင်သဖြင့် လမ်း၏ညာဘက်ဘေးသို့ ထိုးကျတိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဟိုပင်မြို့မြောက်ဘက်အထွက် ကြာကြီးကွင်းရွာအနီး မိုင်တိုင် ၂၀၂/၅ အနီးရှိ ကွန်ကရစ်တံတားအရောက်တွင် ဟိုပင်ဘက်မှ မြစ်ကြီးနားဘက်သို့ ယာဉ်မောင်း ရဲနိုင်ထွန်း(၂၆)နှစ် မန္တလေးမြို့နေသူ မောင်းနှင်လာသော SINO TRUK ၂၂ ဘီးတွဲကား ဆီဘောက်ဆာ အနီရောင် 3N/---- ယာဉ်သည် မြစ်ကြီးနားဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ၂၂ ဘီးတွဲကားအဖြူရောင် ယာဉ်အမှတ် (မမှတ်မိ) ယာဉ်အား တိမ်းရှောင်ရာမှ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက် တံတားလက်ရန်း အကာကွန်ကရစ်ခုံအား တိုက်မိ၍ ကွန်ကရစ်ခုံကျိုးပဲ့ပြီး အောက်သို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကားတိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ယာဉ် မဆင်မခြင်မောင်းနှင်သူ ရဲနိုင်ထွန်းအား ဟိုပင်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**မင်းမင်းဦး**

# သိန်းပေါင်း ၁၆၀၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းမိ

**ဖားကန့် မတ် ၂၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်၌ မတ် ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျပ်သိန်းပေါင်း ၁၆၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၃၈၀၀ နှင့် ဘိန်းဖြူ ၁၁၀ ဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃)မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါး သတင်းအရ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဘွမ်နန်ကျေးရွာအနီး ဆိုင်းအောင်-ဘွမ်နန်သွား ကားလမ်းတွင် စောင့်ဆိုင်းနေစဉ် အိုက်ပလောင် (ခ)ဇော်ကလန်း (၃၆)နှစ် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်ကပ်အတွင်းမှ အပြာရောင် ကပ်ခွာအိတ်နှင့် ထည့်ထားသည့် ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းပစ္စည်းများမှာ လီအားချန်(ခ) ရဝေအောင် (၁၉)နှစ်ထံမှတစ်ဆင့် ဝယ်ယူရောင်းချသည့် ပစ္စည်းများဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ ကွင်းဆက်သတင်းအား ဆက်လက်စုံစမ်းဖော်ထုတ်ရာ ယင်းနေ့ ညနေ ၅ နာရီတွင် လီအားချန် (ခ)ရဝေအောင်အား ဆိပ်မူကျေးရွာ တံတားထိပ်တွင် ဖမ်းဆီးရမိ၍ ၎င်းနေထိုင်သည့် မော်ရှန်ရပ်ကွက် နေအိမ်အား ရှာဖွေစစ်ဆေးရာ ၈၈/၁ စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၂၀၀၀၊ ရောင်စုံဆပ်ပြာခွက် ၁၀ ခွက်နှင့် ထည့်ထားသည့် ဘိန်းဖြူမှုန့် ၁၁၀ ဂရမ်အား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ယင်းနေ့တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါး တန်ဖိုးမှာ ငွေကျပ် သိန်းပေါင်း ၁၆၇၈၇ ဒသမ ၇ သိန်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အိုက်ပလောင်(ခ)ဇော်ကလန်းနှင့် လီအားချန်(ခ)ရဝေအောင်တို့အား ဖားကန့်မြို့မရဲတပ်ဖွဲ့စခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မြစ်သားမြို့နယ်တွင် တစ်ရက်တည်း မူးယစ်ဆေးဝါးများ နှစ်နေရာသိမ်းဆည်းရမိ

**မြစ်သား မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်၌ မတ် ၂၆ ရက် တစ်ရက်တည်းတွင် မူးယစ်ဆေးဝါးများ နေရာ နှစ်နေရာမှ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်သားမြို့နယ် ကူမဲနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၆ ရက် နံနက် ၁၀ နာရီခွဲက ရစ်ကန်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ သတင်းရရှိသည့် မင်းဝန်ကျေးရွာနေ သိန်းလှိုင် (၄၄)နှစ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်စပါးပုတ်ဘေးရှိ UPG ဆေးပုံးအတွင်းမှ အပြာရောင် ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် အထုပ်နှစ်ထုပ်ကို တွေ့ရှိစစ်ဆေးရာ မူးယစ်ဆေးပြားပေါင်း ၃၈၅ ပြားကို သိမ်းဆည်းရမိခဲ့သည်။

ထို့အတူ ယင်းနေ့ နံနက် ၁၁ နာရီခန့်က မင်းဝန်ကျေးရွာနေ အောင်ဝင်း (၆၀)နှစ်၏ နေအိမ်သို့ ဆက်လက်ရှာဖွေရာ အိမ်နောက်ဘက် အိမ်သာအနီး မြေဘုရားပန်းအိုးအတွင်းမှ ပလတ်စတစ်အထုပ် သုံးထုပ် တွေ့ရှိစစ်ဆေးရာ မူးယစ်ဆေးဝါး ၅၉၆ ပြားကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့နှစ်ဦးအား ရစ်ကန်ရဲကင်းစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သက်မောင်**

# ကျောက်ကြီးမြို့နယ်တွင် သစ် ၃၉ တန်အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**ကျောက်ကြီး မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ရွာဇကောကျေးရွာပျက်အနီး၌ သစ်လုံးဆိုဒ်စုံ ၃၅ တန်အပါအဝင် သစ်တန်ပေါင်း ၃၉ တန်အား မတ် ၂၆ ရက် ညနေပိုင်းက ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း ကျောက်ကြီးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၆ ရက် ညနေ ၃ နာရီခန့်က ကျောက်ကြီးမြို့မရဲစခန်း၏ အရှေ့မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ တုံးကြီးကျေးရွာအုပ်စု ရွာဇကော (ဒေသအခေါ်)ကျေးရွာပျက်အနီး တောထဲ၌ တရားမဝင်သစ်များ ခွဲနေကြောင်း နယ်မြေခံတပ်ရင်းမှ သတင်းအရ ကျောက်ကြီးမြို့မစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျောက်ကြီးမြို့ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်တို့ ပူးပေါင်းပါဝင်သောအဖွဲ့တို့က သွားရောက်ရှင်းလင်းဆောင်ရွက်ခဲ့ကြရာ ကညင်နှင့် သစ်ကတိုးသစ်အမျိုးအစား (အခြားသား) သစ်ခွဲသားဆိုဒ်စုံ လေးတန်ခန့်အပါအဝင် ကဒီသစ်နှင့် ကညင်သစ်အမျိုးအစား(အခြားသား) သစ်လုံးဆိုဒ်စုံ ၃၅ တန်ခန့် စုစုပေါင်း သစ်တန် ၃၉ တန်ခန့်တို့အား ပိုင်ရှင်မဲ့သစ်များအဖြစ် သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ ပိုင်ရှင်မဲ့သစ် ၃၉ တန်နှင့်အတူ သစ်များအနီးမှ သစ်ခွဲသည့် လွှဝိုင်း၊ အင်ဂျင်နှင့် စက်လည်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

သို့ပါ၍ အဆိုပါဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့သစ်လုံးများနှင့် သစ်ခွဲသားများအား ကျောက်ကြီးမြို့နယ် သစ်တောဦးစီးဌာနသို့ အပ်နှံထားရှိကာ သစ်တောဥပဒေအရ အရေးယူနိုင်ရန်နှင့် သစ်ပိုင်ရှင်အား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသားကြီး(ကျောက်ကြီး)**

## မြန်မာ့ရုပ်မြင်သံကြား

## Entertainment Channel

**၂၈-၃-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

၀၅း၀၀ အဖွင့် သာယာငြိမ့်အေးမင်္ဂလာတေး
၀၅း၁၅ ပြည်သူ့နီတိ "အချက်မသိတော့"
၀၅း၄၀ "ဆန်းသစ်လှပ မြန်မာ့အက"
၀၅း၅၀ An Ardent Aficionado Of Traditional Design
၀၆း၂၅ Myanmar Leading Lady: Naw Susanna Hla Hla Soe
၀၆း၃၅ Colourful Threads
၀၆း၄၅ Chinlone and the dreams of the player
၀၇း၀၀ Surprise Meals
၀၇း၂၅ "ရိုးရာဓလေ့လွှမ်းခြုံဆဲ မနူဟာဘုရားပွဲ"
၀၇း၄၅ နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၀၈း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၃)
၀၈း၃၅ MRTV Entertainment Music
၀၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၆)
၀၉း၄၀ နိုင်ငံခြားရုပ်ရှင် "Truning 30 !!!"
၁၁း၃၀ ဆန်းသစ်လှပ မြန်မာ့အက
၁၁း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း "ဆန့်ကျင်ဘက်မြားနှစ်စင်း၏ဆုံမှတ်"
၁၃း၃၅ An Ardent Aficionado Of Traditional Design
၁၄း၀၅ Colourful Threads
၁၄း၁၅ Chinlone and the dreams of the player
၁၄း၃၅ Law of Jungle (Ep-254)
၁၅း၂၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၃)
၁၅း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၆)
၁၆း၂၅ ကက်ဆက်ဇာတ်လမ်း "ပန်ချင်တယ် မချူရက်လို့"
၁၇း၃၀ ကာတွန်းအစီအစဉ် "Chhota Bheem (Episode-25)"
၁၈း၀၀ Law of Jungle (Ep-254)
၁၈း၄၀ MRTV Entertainment Music
၁၉း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၄)
၁၉း၃၀ ကြယ်စင်တို့ရဲ့ အိပ်မက် (အပိုင်း-၅)
၂၀း၀၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "တန်ခိုးထွန်းလင်း စနေဂြိုဟ်မင်း"(အပိုင်း-၁၈၇)
၂၀း၃၅ Game Show "10 to Million Myanmar" (Epi-106)
၂၁း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "ခြောက်ခြောက်ခြောက်"
၂၃း၂၅ နိုင်ငံခြားရုပ်ရှင် "Truning 30 !!!"

**၂၉-၃-၂၀၁၈ (ကြာသပတေးနေ့)**

၀၁း၂၅ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ဆုံစည်းခဲ့လေသူ" (အပိုင်း-၁၀၄)
၀၁း၅၅ ပြည်သူ့နီတိ "အချက်မသိတော့"
၀၂း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "အဖြူရောင်ရဲတိုက်"
၀၅း၀၀ အစီအစဉ်ပြီး၏။



# ပထမဦးစားပေးဂိုးသမားဖြစ်လာရန် ဂိုးသမား မစ်ဂ်နိုလတ် သန္နိဋ္ဌာန်ချ

ဂိုးသမား မစ်ဂ်နိုလတ်အနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးခဲ့ပြီးနောက် ပုံမှန်ကစားခွင့်ပြန်ရရန်နှင့် ပထမဦးစားပေးကစားသမားနေရာ ပြန်ရရန် သန္နိဋ္ဌာန်ချထားကြောင်းသိရသည်။

ဘယ်လ်ဂျီယံဂိုးသမား မစ်ဂ်နိုလတ်သည် ရာသီအစတွင် နည်းပြဂျာဂန်ကလော့၏ ပထမဦးစားပေးဂိုးသမားအဖြစ်ရပ်တည်ခွင့်ရရှိခဲ့သော်လည်း လက်ရှိတွင်မူ ဂိုးသမား ကာရီးယက်ကိုသာ ထည့်သွင်းအသုံးပြုမှုများရှိနေကြောင်းသိရသည်။

ထို့ကြောင့် ဂိုးသမားမစ်ဂ်နိုလတ်အနေဖြင့် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အမ်ဖီးလ်မှ ထွက်ခွာဖို့ရှိနေပြီး လီဗာပူးအသင်းကလည်း ဂိုးသမားမစ်ဂ်နိုလတ် အသင်းတွင် ဆက်ရှိရန် မသေချာပါက ရိုးမားဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူမည်ဆိုသည့်သတင်းများလည်း ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

ဂိုးသမားမစ်ဂ်နိုလတ်ကမူ ယခုနွေရာသီအပြောင်းအရွှေ့ကာလတွင် လီဗာပူးအသင်းမှ ထွက်ခွာမည်ဟုဆိုသော်လည်း မည်သည့်အသင်းကမျှ ခေါ်ယူရန်ကမ်းလှမ်းထားခြင်းမရှိကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

အွန်လိုင်းတွင် ဆန္ဒမဲပေးမှုကိုကြည့်မည်ဆိုပါက မစ်ဂ်နိုလတ်သည် လက်ရှိတွင် ခေါ်ယူမည့်အသင်းမရှိသေးကြောင်း သတင်းများထွက်ပေါ်နေမှုအရ လီဗာပူးအသင်းတွင် ဆက်ရှိနေမည်မှာ ၅၆ ရာခိုင်နှုန်းရှိကြောင်းနှင့် လီဗာပူအသင်းမှ ထွက်ခွာရန်မှာ ၄၄ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားသည်။



# စာချုပ်သစ်ချုပ်ဆိုဖို့ ငြင်းဆိုခဲ့တဲ့ လုခ်ရှော မန်ယူကနေ ဘာစီလိုနာကို ပြောင်းရွှေ့ဖို့သေချာနေပြီလား

စပိန်လာလီဂါပြိုင်ပွဲရဲ့ ထိပ်တန်းကလပ်အသင်းတစ်သင်းဖြစ်တဲ့ ဘာစီလိုနာအသင်းဟာ မန်ယူအသင်းမှာ နည်းပြမော်ရင်ဟိုနဲ့ အဆင်မပြေဖြစ်နေတဲ့ နောက်တန်းကစားသမား လုခ်ရှောကို ခေါ်ယူဖို့ စီစဉ်လျက်ရှိနေပါတယ်။

ဘာစီလိုနာအသင်းဟာ အသင်းရဲ့ဘယ်နောက်ခံစစ်ပိုင်းကို အားဖြည့်ဖို့ စီစဉ်နေတဲ့အသင်းဖြစ်ပြီး အခုနှစ်နွေရာသီအပြောင်းအရွှေ့မှာ နောက်တန်းကစားသမားလုခ်ရှောကို ခေါ်ယူဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

နောက်တန်းကစားသမား လုခ်ရှောကိုယ်တိုင်ကပင် မန်ယူအသင်းကနေ အခုနွေရာသီအပြောင်းအရွှေ့ကာလမှာ ထွက်ခွာမယ်လို့ဆိုထားတာကြောင့် ဘာစီလိုနာအသင်းက ပစ်မှတ်ထားလာခဲ့တာဖြစ်ပြီး လုခ်ရှောဟာ မန်ယူအသင်းနည်းပြ မော်ရင်ဟိုရဲ့ ကစားသမားအသုံးပြုမှုအပေါ်မှာလည်း ဘဝင်မကျဖြစ်နေသူတစ်ဦးလည်း ဖြစ်ပါတယ်။

လက်ရှိမှာ နောက်တန်းကစားသမား လုခ်ရှောဟာ မန်ယူအသင်းနဲ့အတူ စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးပေမယ့် စာချုပ်သစ်ချုပ်ဆိုဖို့ငြင်းဆိုခဲ့ရုံမက အခုနွေရာသီမှာပဲ အိုးထရက်ဖို့ဒ်ကို စွန့်ခွာမယ်လို့ အခိုင်အမာပြောကြားထားတာကိုလည်း သတင်းတွေမှာ ဖော်ပြနေပါတယ်။

ဘာစီလိုနာအသင်းကတော့ အခုနှစ်ဘောလုံးရာသီမှာ စပိန်လာလီဂါဖလားကို ရယူနိုင်ဖို့ အခွင့်အရေးတစ်ရပ်ပိုင်ဆိုင်ထားပြီဖြစ်တဲ့အပြင် လာမယ့်လမှာလည်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီတလီစီးရီးအေကလပ် ရိုးမားအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် နောက်တစ်ဆင့်တက်လှမ်းဖို့ အခွင့်အရေးတစ်ရပ်ရှိနေတဲ့အသင်းလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းရဲ့ ဘယ်နောက်တန်းခံစစ်ကြောင်းမှာ စပိန်ကြယ်ပွင့် ဂျော်ဒီအယ်လ်ဘာရှိနေတယ်ဆိုပေမယ့် ဂျော်ဒီအယ်လ်ဘာရဲ့ စာချုပ်သက်တမ်းက နှစ်နှစ်သက်တမ်းသာ ကျန်ရှိတော့တာကြောင့် ဂျော်ဒီအယ်လ်ဘာနေရာမှာ အရန်သင့်အစားထိုးနိုင်ဖို့ လုခ်ရှောကို ခေါ်ယူရန် ပစ်မှတ်ထားလာတာလည်းဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ ဒမ်ဘီလီကို ပေါင် ၁၃၅ သန်းအသုံးပြုခဲ့သလို လီဗာပူကွင်းလယ်ကစားသမား ကော်တင်ဟိုကိုလည်း ပေါင် ၁၄၂ သန်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တိုက်စစ်ပိုင်းကို အားဖြည့်ဖို့အတွက် လာလီဂါပြိုင်ဘက် အက်သလက်တီကိုမက်ဒရစ်အသင်းတိုက်စစ်မှူး ဂရစ်ဇ်မန်းကို ခေါ်ယူဖို့ စီစဉ်နေကြောင်းလည်း သိရပါတယ်။

လက်ရှိအနေအထားအရ မန်ယူဘယ်နောက်တန်းကစားသမား လုခ်ရှောဟာ ဘာစီလိုနာအသင်းရဲ့ ပစ်မှတ်ထားခြင်းကို ခံထားရသူဖြစ်ပြီး မန်ယူအသင်းမှလည်း ထွက်ခွာဖို့ရှိနေတာမို့ လာမယ့်ရာသီမှာ ဘာစီလိုနာအသင်းမှာ လုခ်ရှောကိုမြင်တွေ့ရမလားဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။

ပရိသတ်အများစုရဲ့ ဆန္ဒမဲပေးမှု အရေအတွက်အရကြည့်မယ်ဆိုရင်တော့ လုခ်ရှောကို မန်ယူကနေ ဘာစီလိုနာအသင်းကို ပြောင်းရွှေ့စေလိုတဲ့ ပရိသတ်အရေအတွက်ဟာ ၈၅ ရာခိုင်နှုန်းအထိ ရှိနေခဲ့တာဖြစ်ပြီး မန်ယူကနေမထွက်ခွာစေလိုတဲ့ ပရိသတ်အရေအတွက်ဟာ ၁၅ ရာခိုင်နှုန်းသာရှိနေခဲ့တာကိုလည်း ပြန်လည်တွက်ဆရမှာဖြစ်ပါတယ်။



# ရိုးမားဂိုးသမား အဲလစ်ဆင်ဘက်ကို မျှားဦးလှည့်လာတဲ့ ရီးယဲလ်မက်ဒရစ်အသင်း

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဂိုးသမားသစ်တစ်ဦး ခေါ်ယူဖို့ ဆန္ဒရှိနေတဲ့အသင်းတစ်သင်းဖြစ်ပြီး လက်ရှိအချိန်မှာ အီတလီစီးရီးအေကလပ်ရိုးမားအသင်းမှ ဘရာဇီးဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိနေပါတယ်။

ဥရောပချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ မန်ယူဂိုးသမား ဒေးဗစ်ဒီဂီယာနဲ့ ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်တို့ကို ခေါ်ယူဖို့ စီစဉ်ခဲ့ပေမယ့် အဲဒီကစားသမားတွေကို ခေါ်ယူဖို့မဖြစ်နိုင်တော့တာကြောင့် လက်ရှိနည်းပြကေလာနားဗက်နေရာမှာ အစားထိုးဖို့ နံပါတ်တစ်ဂိုးသမားတစ်ဦးအဖြစ် အဲလစ်ဆင်ကို ပစ်မှတ်ထားလာတာဖြစ်ပါတယ်။

မာကာသတင်းဌာနရဲ့ ဖော်ပြချက်အရ ရိုးမားဂိုးသမား အဲလစ်ဆင်ကို ရီးယဲလ်မက်ဒရစ်အသင်းရဲ့ နွေရာသီအပြောင်းအရွှေ့ကာလအစပိုင်းအချိန်မှာပင် ခေါ်ယူဖို့စီစဉ်နေတယ်လို့ ဖော်ပြထားပါတယ်။

ရိုးမားဂိုးသမား အဲလစ်ဆင်ကို ရီးယဲလ်မက်ဒရစ်အသင်း ခေါ်ယူမယ်ဆိုပါက ပြောင်းရွှေ့ကြေးယူရို သန်း ၅၀(ပေါင် ၄၃ ဒသမ ၉၀ သန်း)နှင့် ယူရိုသန်း ၆၀(ပေါင် ၅၂ ဒသမ ၆၈ သန်း)ကုန်ကျမည်ဖြစ်ကြောင်းပြောကြားထားခဲ့တာဖြစ်ပြီး မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ကလည်း သူတို့ရဲ့ကစားသမားတွေကို ခေါ်ယူဖို့အလိုရှိနေရင် ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀(ပေါင် ၈၇ ဒသမ ၈၀ သန်း)ပေးပြီး ခေါ်မှသာ ရောင်းချမယ်လို့ ဆိုထားပါတယ်။

လက်ရှိရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဂိုးသမားသုံးဦးစလုံးဟာ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲမှာ သူတို့ရဲ့ သက်ဆိုင်ရာနိုင်ငံအသီးသီးကနေ လက်ရွေးစင်ဂိုးသမားများအဖြစ် ပါဝင်လာကြမည်ဖြစ်သည်။

အဲလစ်ဆင်မှာ ဘရာဇီးအသင်းက အိမ်ရှင်ရုရှားအသင်းကို သုံးဂိုးပြတ်နိုင်ပွဲရရှိခဲ့ရာမှာ ပေးဂိုးမရှိစံချိန်တင်ထားသူဖြစ်ပြီး ဒီဂီယာဟာ စပိန်နိုင်ငံအသင်းအတွက် ၂၆ ပွဲနဲ့ ကော်တိုရစ်ဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ၅၅ ပွဲအထိ ပါဝင်ကစားထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# မီးဘေးရှောင် မလောင်ခင်ကတား

ရှေ့နေဝင်းကြည်(စဥ့်ကိုင်)



နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မီးလောင်မှုသတင်းများကို ဖတ်ရှုနေရသည်။ မီးလောင်မှုဖြစ်ပွားရာဒေသသည် တောရောမြို့ပါဖြစ်သည်။ဆုံးရှုံးမှုပစ္စည်းများလည်း နေရာဒေသအလိုက် ဆုံးရှုံးနစ်နာမှုမတူညီကြပေ။ မီးလောင်ရသည့် အကြောင်းအရင်းများကလည်း ပေါ့ဆမီးကြောင့် လောင်ကျွမ်းခြင်းသတင်းများကို ဖတ်ရှုရသည်။နွေရာသီတွင် ခြင်ပေါများခြင်းကြောင့် ခြင်ဆေးခွေထွန်းထားရာ ခြင်ဆေးခွေမီးမှ အကြောင်းအမျိုးမျိုးဖြင့်မီးလောင်မှုများဖြစ်ပွားသည်။ နွေရာသီတွင် နေ့နေ့ညည ခြင်ဆေးခွေထွန်းခြင်းကို အထူးဂရုစိုက်သင့်သည်။

နည်းပညာစနစ်များ ထွန်းကားလာသည်နှင့်အမျှ လျှပ်စစ်လည်းထွန်းကားလာသည်။ မြို့ပြဒေသများသာမက ကျေးလက်တောရွာများအထိ လျှပ်စစ်များရရှိနေပြီဖြစ်သည်။ လျှပ်စစ်သည် သုံးစွဲတတ်လျှင် အဖော်မွန်မိတ်ဆွေဖြစ်သော်လည်း မသုံးစွဲတတ်လျှင် ရန်သူဖြစ်ပေသည်။ ရှေးယခင်အခါက ထမင်း၊ဟင်းချက်ပြုတ်ရာတွင် ထင်း၊ မီးသွေးစသည်တို့ကို အသုံးပြုချက်ပြုတ်ကြသည်။

ယနေ့ လျှပ်စစ်ရရှိသည့်ဒေသများတွင် ထင်း၊ မီးသွေးစသည့် လောင်စာများ အသုံးပြုမှု အလွန်နည်းပါးသွားသည်။ လျှပ်စစ်ပေါင်းအိုး၊ဒယ်အိုးစသည့် လျှပ်စစ်အကူပစ္စည်းများဖြင့် ချက်ပြုတ်ကြသည်။ လျှပ်စစ်ပေါင်းအိုး၊ ဒယ်အိုးတို့၏ခံနိုင်ရည် အပူချိန်ပမာဏကို ကောင်းစွာမသိရှိသောကြောင့် လျှပ်စစ်အပူလွန်ကဲကာ မီးလောင်မှုများကိုဖြစ်စေသည်။

ထမင်း၊ ဟင်းချက်ပြုတ်စဉ် လျှပ်စစ်ဘုတ်ခုံမှ အပူလွန်ကဲခြင်းကြောင့်လည်း မီးလောင်မှုဖြစ်စေသည်။ လျှပ်စစ်ပေါင်းအိုး၊ ဒယ်အိုးတို့ဖြင့် ချက်ပြုတ်နေစဉ် အခြားအလုပ် တစ်ခုခုပေါ်ပေါက်လာ၍ တစ်နေရာရာသို့ သွားရမည်ဆိုလျှင် လျှပ်စစ်မီးအား ပိတ်၍သွားသင့်သည်။ ခဏကလေး မကြာပါဘူးဆိုပြီး မသွားသင့်ပေ။ ဧည့်သည်နှင့် စကားကောင်းနေသဖြင့် လျှပ်စစ်ပေါင်းအိုးကို မေ့လျော့ကာ အပြင်သို့ထွက်သွားရာ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားသည်ကိုလည်း ကြုံတွေ့ရဖူးသည်။

**လျှပ်စစ်မီးကြိုး**

လျှပ်စစ်မီးကြိုးများကိုလည်း အထူးဂရုစိုက်သင့်သည်။လျှပ်စစ်ကြိုးများ ပေါက်ပြဲသဖြင့် လျှပ်စစ်မီးရှော့ဖြစ်ကာ မီးလောင်ကျွမ်းရခြင်းများလည်းရှိသည်။ လျှပ်စစ်ကြိုးများကိုလည်း မိမိအသုံးပြုမည့် လျှပ်စစ်ပမာဏကို အခြေပြုကာ ကျွမ်းကျင်သော လျှပ်စစ်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့် လျှပ်စစ်ကြိုးများသွယ်တန်းအသုံးပြုသင့်သည်။ လျှပ်စစ်ဝါယာကြိုးများဟောင်းနွမ်းနေပါကလည်း အသုံးမပြုသင့်ပေ။ ကြွက်ရှိသောအရပ်ဒေသများတွင် လျှပ်စစ်မီးကြိုးများအားကြွက်ကကိုက်ဖြတ်တတ်သည်ကို သတိထားသင့်ပေသည်။

တစ်ခါက နေအိမ်အတွင်းဝယ် အပုပ်နံ့ နံနေသည်။ ပတ်ဝန်းကျင်များအား လိုက်လံရှာဖွေသော်လည်း မည်သည့်အရာမျှမတွေ့ရ။ တစ်နေ့သောအခါတွင် လျှပ်စစ်မီးကြိုးသွယ်တန်းလိုသဖြင့် ကျွမ်းကျင်သော လျှပ်စစ်ပညာရှင်တစ်ဦးကိုခေါ်ယူ၍ လျှပ်စစ်မီးကြိုးသွယ်တန်းစေသည်။ ကျွမ်းကျင်လျှပ်စစ်လိုင်းမင်းက လျှပ်စစ်မိန်း ဘုတ်ခုံအားဖွင့်လိုက်သည့်အခါ ခြောက်သွေ့နေသော ကြွက်သေတစ်ကောင်ကို အံ့ဩဖွယ်ရာတွေ့လိုက်ရသည်။

လျှပ်စစ်မီးမလာသည့်အချိန်တွင် ကြွက်သည် လျှပ်စစ်မိန်းဘုတ်ခုံအတွင်း ဝင်ရောက်ပြီး ဝါယာကြိုးများကိုဖြတ်တောက်နေစဉ် လျှပ်စစ်မီးလာသည့်အခါ ဓာတ်လိုက်၍ သေဆုံးနေခြင်းဖြစ်ကြောင်းသိရသည်။ ထိုကဲ့သို့သောအဖြစ်မျိုးကို မကြာခဏတွေ့ရဖူးကြောင်း၊ ထိုကြွက်ကိုက်ဖြတ်ထားသည့် ဝါယာကြိုးအပေါက်အပြဲမှ ဝါယာရှော့ဖြစ်ကာ မီးလောင်ကျွမ်းမှုများဖြစ်ကြောင်း လျှပ်စစ်ဝန်ထမ်းကပြောပြသည်ကို မှတ်သားဖူးသည်။

**အသစ်လဲလှယ်**

ယနေ့ လျှပ်စစ်များ ရှော့ဖြစ်ကာ မီးလောင်ကျွမ်းခြင်းသည် ဝါယာကြိုးများ ဟောင်းနွမ်းနေခြင်း၊ပေါက်ပြဲနေခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် မိမိတို့နေအိမ်၊ အလုပ်ရုံတို့တွင် သုံးစွဲနေသော လျှပ်စစ်ကြိုးများ မကောင်းပါက ကျွမ်းကျင် လျှပ်စစ်ဝန်ထမ်း ပညာရှင်များဖြင့် အသစ်လဲလှယ်ပြုပြင်သုံးစွဲသင့်ကြောင်း အကြံပြုအပ်ပါသည်။

လျှပ်စစ်ဖြင့်အသုံးပြုသည့် လုပ်ငန်းရှင်များသည် လျှပ်စစ်ကိုအမြဲဂရုပြုသင့်ပေသည်။ အလုပ်ရုံ၊ စက်ရုံတစ်ရုံတွင် လျှပ်စစ်ဝါယာကြိုးများ ပေါက်ပြဲခြင်း၊ လျှပ်စစ်ခံနိုင်ရည်ထက် လွန်ကဲစွာအသုံးပြုမှုများကြောင့် လျှပ်စစ်အပူလွန်ကဲကာ မီးလောင်ခြင်းဖြစ်ရသည်။ မလိုအပ်လျှင် လျှပ်စစ်မီးကို အသုံးမပြုသင့်ပေ။ သတိထားအပ်သည်။

တယ်လီဖုန်းများ အားသွင်းသည့်အခါတွင်လည်း အထူးဂရုစိုက်သင့်ပေသည်။ တယ်လီဖုန်းအားသွင်းရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားသည်များရှိသည်။ ဓာတုဆေးရည်များ၊ လောင်စာဆီများကိုလည်း အထူးသတိပြု ကိုင်တွယ်အသုံးပြုသင့်ပေသည်။ ပေါက်ကွဲစေတတ်သော ဓာတုပစ္စည်းများ၊ လောင်စာဆီများကြောင့် မီးလောင်မှုဖြစ်စေသည်။

**ပူပြင်းခြောက်သွေ့**

ကျေးလက်တောရွာဒေသများတွင် ထင်းမီးအသုံးပြုမှုများရှိသေးသည်။ ထိုထင်းမီးများကို စနစ်တကျ အသုံးပြုရပေမည်။ နွေရာသီကာလသည် ပူပြင်းခြောက်သွေ့သည်။ လေများ တိုက်ခတ်သည်။ အပူဓာတ်လွန်ကဲနေချိန်တွင် လောင်စာဆီကြောင့်ဖြစ်စေ၊ ထင်းမီး၊ လျှပ်စစ်မီးကြောင့်ဖြစ်စေ မီးလောင်မှုများဖြစ်ပေါ်စေသည်။ မီးလောင်ခြင်းကြောင့် အသက်ဆုံးရှုံးရသူများရှိသည်။ ပစ္စည်းဥစ္စာများလည်း ဆုံးရှုံးရသည်။

ရှေးလူကြီးသူမများက "သူခိုး ခိုးတော့ အစုတ်ကျန်၊ မီးခိုးတော့အပြုတ်နှံ"ဟု ပြောစမှတ်ပြုခဲ့သည်။ မီးဘေးအန္တရာယ်သည် အဆိုးရွားဆုံးဖြစ်သည်။ မီးကို မရိုသေသူတစ်ဦးတစ်ယောက်ကြောင့် မီးလောင်မှုဖြစ်ပွားကာ အသက်ဆုံးရှုံးရသူများ၊ ပစ္စည်းဥစ္စာ ဆုံးရှုံးရသူများမှာ နှစ်စဉ်ဖြစ်ပေါ်နေသည်။ မီးသည် အယုတ်အလတ်အမြတ်မရွေးလောင်ကျွမ်းတတ်သည်။

ဆေးလိပ်သောက်သုံးသူများသည် မီးစွဲနေသည့် ဆေးလိပ်တိုအား အမှုမဲ့အမှတ်မဲ့ လမ်းဘေးသို့ စွန့်ပစ်တတ်သည်။ အခြားသော လမ်းသွားလမ်းများကလည်း သောက်ထားသည့်ဆေးလိပ်တိုအား အမှုမဲ့အမှတ်မဲ့ လမ်းဘေးသို့စွန့်ပစ်တတ်သည်။ မီးမငြိမ်းသေးသော ဆေးလိပ်တိုသည် အမှိုက်စသည့် မီးလောင်ကျွမ်းစေသော အရာဝတ္ထုများနှင့်တွေ့ထိသည့်အခါ ကူးစက်လောင်ကျွမ်းတတ်သည်။ ထိုမှတစ်ဆင့် ပတ်ဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းသည်။ ထို့ကြောင့် "အမှိုက်ကစ ပြာသာဒ်မီးလောင်" ဟူသော စကားပုံပေါ်ပေါက်လာခြင်းဖြစ်သည်။

**ပိုမိုအဖြစ်များ**

မီးလောင်ကျွမ်းမှုတွင် လူ၏ပယောဂကြောင့်လည်း လောင်ကျွမ်းတတ်သည်။ ပေါ့ဆမီးနှင့် ရှို့မီးတို့ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ကာ အသက်အိုးအိမ်စည်းစိမ်များ စွာပျက်စီးဆုံးရှုံးခဲ့ရသည်မှာလည်း နှစ်စဉ်နှစ်တိုင်းဖြစ်သည်။ မီးလောင်မှုသည် ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် ပိုမိုအဖြစ်များသည်။

လူ၏ပေါ့လျော့မှုကြောင့် မီးလောင်ကျွမ်းမှုကို အရေးယူအပြစ်ပေးရန် ရာဇသတ်ကြီးပုဒ်မ ၂၈၅ ကို ပြဋ္ဌာန်းထားသည်။

ရာဇသတ်ပုဒ်မ ၂၈၅။ မည်သူမဆို လူ့အသက်အန္တရာယ်ဖြစ်စေအောင်သော်လည်းကောင်း၊ သူတစ်ပါးနာကျင်စေတန်လောက်အောင် သို့တည်းမဟုတ် နစ်နာစေတန်လောက်အောင်သော်လည်းကောင်း၊ မီးဖြင့် သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုဖြင့် ပြုလုပ်မှုတစ်ခုခုကို အရမ်းဖြစ်စေ၊ပေါ့လျော့စွာဖြစ်စေပြုလျှင် သို့တည်းမဟုတ် မီးကြောင့်သော်လည်းကောင်း၊ လူ့အသက်အန္တရာယ်ဖြစ်ဖွယ်ရှိခြင်းမှ ကာကွယ်ရန် လုံလောက်အောင် လက်ရှိမီးကို သို့တည်းမဟုတ် မီးလောင်လွယ်သော အရာဝတ္ထုကို နေရာတကျ မထားဘဲ သိလျက်နှင့်ဖြစ်စေ၊ ပေါ့လျော့စွာဖြစ်စေ ပျက်ကွက်လျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်၊ ထောင်ဒဏ် တစ်မျိုးမျိုးချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။

မီးကို အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်သဖြင့် မီးလောင်ကျွမ်းမှုဖြစ်လျှင် ရာဇသတ်ကြီးပုဒ်မ ၂၈၅ ဖြင့် အရေးယူ အပြစ်ပေးခြင်းခံရပေမည်။ လျှပ်စစ်မီးရှော့ဖြစ်၍လောင်ကျွမ်းရခြင်းသည် လျှပ်စစ်သုံးစွဲသူ၏ ပေါ့လျော့မှုကြောင့်ဖြစ်သည်။ ထို့အတူ ဖုန်းအားသွင်းထားစဉ် လျှပ်စစ်အပူလွန်ကဲခြင်း၊ ထမင်းပေါင်းအိုး၊ ဟင်းပေါင်းအိုးစသည့် ပေါင်းအိုးများ အပူလွန်ကဲ၍ မီးလောင်ကျွမ်းခြင်းသည် ပေါ့လျော့မှုကြောင့်ဖြစ်ပေသည်။

မီးလောင်မှုဖြစ်ပွားပါက မိမိနှင့်တကွ ပတ်ဝန်းကျင်လူအများထိခိုက်နစ်နာစေသည့်အပြင် ဥပဒေအရ အရေးယူ အပြစ်ပေးခြင်းခံရပေမည်။ ထို့ကြောင့် မီးဘေးရှောင် မလောင်ခင်တား ဟူသောဆောင်ပုဒ်နှင့်အညီ မီးဘေးမှ ကြိုတင်ကာကွယ်နိုင်ကြပါစေ။ မီးဘေးအန္တရာယ်ကင်းဝေးဖို့ မီးကိုဂရုစိုက်ကြပါစို့ဟု အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းလိုက်ရပေသည်။ ။

> လျှပ်စစ်မီးရှော့ဖြစ်၍လောင်ကျွမ်းရခြင်းသည် လျှပ်စစ်သုံးစွဲသူ၏ပေါ့လျော့မှုကြောင့်ဖြစ်သည်။ ထို့အတူ ဖုန်းအားသွင်းထားစဉ် လျှပ်စစ်အပူလွန်ကဲခြင်း၊ ထမင်းပေါင်းအိုး၊ ဟင်းပေါင်းအိုးစသည့် ပေါင်းအိုးများ အပူလွန်ကဲ၍ မီးလောင်ကျွမ်းခြင်းသည် ပေါ့လျော့မှုကြောင့် . . .

# ဆုတောင်းပြည့် မယ်လမုစေတီတော်ဝင်းအတွင်း အရှင်အာနန္ဒာစာကြည့်တိုက် ဖွင့်လှစ်



**ရန်ကုန် မတ် ၂၇**

ဘုရားဖူးလာပြည်သူများနှင့် အနီးအနားဝန်းကျင်မှ ဒေသခံပြည်သူများ စာပေဖတ်ရှု လေ့လာနိုင်ရန်အတွက် အရှင်အာနန္ဒာ စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော်ဝင်းအတွင်း ကျင်းပသည်။

ရှေးဦးစွာ အရှင်အာနန္ဒာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်နု၊ ဆုတောင်းပြည့် မယ်လမုစေတီတော်ဂေါပကအဖွဲ့ နာယက ဦးမင်းနိုင်၊ ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ အတွင်းရေးမှူးဦးသိန်းရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က မြန်မာနိုင်ငံတွင် စာပေဖတ်ရှုသူများလာခြင်းအားဖြင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ အဆင့်အတန်းမြင့်မားလာပါကြောင်း၊ စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်လိုက်နိုင်ခြင်းသည် ထောင်တံခါးတစ်ချပ်ပိတ်သွားသည်ဟု ပြောစမှတ်ပြုပါကြောင်း၊ အလိမ္မာစာမှာရှိသည့်အတွက် လူကြီးများသာမက ကလေးသူငယ်များနှင့် လူငယ်များ စာပေဖတ်ရှုရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်တွင် ကလေးငယ်များ ဖတ်ရှုနိုင်ရန်အတွက် ကလေးစာပေများလည်း ထည့်သွင်းထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုတောင်းပြည့် မယ်လမုစေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအုန်းမြင့်၊ နာယက ဦးသိုက်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်တို့က အမှာစကားပြောကြားပြီး အရှင်အာနန္ဒာစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သည့် မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြမြဝင်းက "ကိုယ့်မြို့နယ်ထဲမှာ စာကြည့်တိုက်ဖြစ်မြောက်ဖို့အတွက် ကျွန်မတို့ဌာနအနေနဲ့ နှစ်လလောက်အချိန်ယူပြီး ကူညီဆောင်ရွက်ပေးခဲ့ပါတယ်၊ စာအုပ်တွေ စနစ်တကျဖြစ်ဖို့လာရောက်ဖတ်ရှုသူတွေ အလွယ်တကူ ဖတ်ရှုနိုင်အောင် သုတ၊ရသ စာအုပ်တွေခွဲပြီး စနစ်တကျလုပ်ပေးထားပါတယ်" ဟု ပြောသည်။

ဆုတောင်းပြည့် မယ်လမုစေတီတော်ဝင်းအတွင်း ဖွင့်လှစ်ထားသည့် အရှင်အာနန္ဒာ စာကြည့်တိုက်၌ ဘုရားဖူးလာပြည်သူများနှင့် အနီးအနားဝန်းကျင်မှ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရန် တရားစာပေများ၊ သုတ၊ရသစာအုပ်များနှင့် သတင်းစာများ ထားရှိပေးထားပြီး နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်းနှင့် အညွှန်းကိန်းများပြုစုခြင်း အလုပ်ရုံဆွေးနွေး

**ဘားအံ မတ် ၂၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်းဆောင်ရွက်သော ကလေးသူငယ်များကို ဗဟိုပြုကာ ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စသည်တို့၏ အညွှန်းကိန်းများ၊ ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား သိရှိနိုင်စေရေးအတွက် အလုပ်ရုံဆွေးနွေးခြင်းကို မတ် ၂၆ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဂါဗားနားဟိုတယ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ပြည်နယ်စီမံကိန်းညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီက ကလေးသူငယ်ဗဟိုပြု မြို့နယ်မှတ်တမ်းပြုစုခြင်း လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားပြီး ယူနီဆက်ဖ်မှ ဘားအံတာဝန်ခံ Patrick Shing က ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနများမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျန်းမာရေး၊ ပညာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး စသည့်ဌာနဆိုင်ရာအလိုက်ရရှိထားသည့် ဒေတာနှင့် အညွှန်းကိန်းများကို အုပ်စုလိုက် မြို့နယ်အလိုက်ဆွေးနွေးခြင်း၊ သုံးသပ်ချက်များ ရေးသားတင်ပြခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းများအား ဆွေးနွေးကြကြောင်းနှင့် ဆွေးနွေးပွဲမှရရှိသော အားနည်းချက် အားသာချက်များအား သိရှိစေပြီး မှန်ကန်တိကျသော ဒေတာ၊ အညွှန်းကိန်းများ ရရှိစေရေးအတွက် ဒုတိယအကြိမ် ပြုလုပ်ရခြင်းဖြစ်ကြောင်းသိရသည်။

**နေမျိုးလွင် (ပြန်/ဆက်)**

# မော်ကွန်းဝင်နှင့်စွန့်လွှတ်စစ်သည်များအား ထောက်ပံ့ငွေပေးအပ်

**ပဲခူး မတ် ၂၇**

(၇၃) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်မော်ကွန်းဝင်နှင့် စွန့်လွှတ်စစ်သည်များအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီက ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်မှ ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအနက်မှ သူရဘွဲ့ရရှိ လေးဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ခြောက်ဦးတို့အား ဗိုလ်မှူးသူရလှမြင့်သိန်းကလည်းကောင်း၊ စွန့်လွှတ်စစ်သည် ၂၁၀ အတွက် ထောက်ပံ့ငွေကျပ် ၄၂ သိန်းအား ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း) ကလည်းကောင်း၊ စည်းရုံးရေးနယ်မြေ ၂၇ ခု အနက် စည်းရုံးရေးစွမ်းဆောင်ဆုရ စည်းရုံးရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးအားလည်းကောင်း ထောက်ပံ့ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)က ပဲခူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းဗဟိုဌာနချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ရည်မှန်းချက်တာဝန် (၅)ရပ်အား အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရည်မှန်းချက်တာဝန်များအနက် အဖွဲ့ဝင်စွန့်လွှတ်စစ်သည် ၁၇၂ ဦးနှင့် အဖွဲ့ဝင်အင်အား ၁၆၇၁ ဦး၏ သက်သာချောင်ချိရေး ထောက်ပံ့မှုများကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အဖွဲ့သည် ၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်တပ်မတော်နေ့ရောက်သည့်အခါတိုင်း အဖွဲ့ဝင်များအား မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ရဲဘော်စိတ်များ ထာဝစဉ်ရှင်သန်စေရေးနှင့် အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်ရေးတို့အားရည်ရွယ်ပြီး စွန့်လွှတ်စစ်သည်များနှင့် မော်ကွန်းဝင် ပုဂ္ဂိုလ်များအား ထောက်ပံ့ငွေချီးမြှင့်ခြင်းနှင့်အဖွဲ့ဝင်များအား အကျီ၊ ဦးထုပ်၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းကို ဆောင်ရွက်ပေးခဲ့ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းများ၊ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးလှတင်ဦး(ငြိမ်း)နှင့်အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# သံတမန်ဆက်ဆံမှု နှစ်(၇၀) ပြည့်အထိမ်းအမှတ် အကြားအာရုံချို့ယွင်းသူများအား အခမဲ့ကုသပေး

**လှိုင်ကော် မတ် ၂၇**

မြန်မာ-ထိုင်း သံတမန်ဆက်ဆံမှု ထူထောင်ခြင်း နှစ် (၇၀) ပြည့် အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးတို့ ဦးဆောင်မှုဖြင့် ကယားပြည်နယ် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးနှင့် ထိုင်းနိုင်ငံ Ragavithi ဆေးရုံတို့ ပူးပေါင်း၍ Ear Surgery Mobile Unit အစီအစဉ်အရ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် နားရောဂါလူနာများအား အခမဲ့ခွဲစိတ်ကုသမှု အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Jukr Boom-Long က အမှာစကားပြောကြားသည်။

ယင်းနောက် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအတွင်း နားအကြားအာရုံဝေဒနာခံစားနေရသူများအား အခမဲ့စစ်ဆေးခြင်း၊ ကုသခြင်း ဆောင်ရွက်နေမှုတို့ကို ကယားပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့်ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ယခုကုသမှုအစီအစဉ်တွင် လက်ရှိ လူနာ ၄၀၀ လာရောက် စာရင်းပေးသွင်းထားပြီး၊ မတ် ၂၈ ရက်အထိ ကုသပေးသွားမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Rajavithi ဆေးရုံမှ Dr.Soontom Antarasena ခွဲစိတ်ဆရာဝန်ကြီးနှင့်အဖွဲ့၊ မယ်ဟောင်ဆောင်ခရိုင်ဝန် Mr.Suebsak Eaimvijarn၊ ထိုင်း TBc(မယ်ဟောင်ဆောင်) ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝါရာတက်ဘွန်ရတို့ ပါဝင်သော ထိုင်းနယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ကုသပညာဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ဆရာဝန်များက အားဖြည့်ပူးပေါင်းဆောင်ရွက်ပြီး ကယားပြည်နယ်တွင် ပထမဆုံး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ပြည်နယ်ပြန်/ဆက်**



# ရေဘေးအန္တရာယ်နှင့် ရေကြီးနစ်မြုပ်မှုကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ဟသ္သာတ မတ် ၂၇**

ဟသ္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေဘေးကာကွယ်ရေးတာတမံပြုပြင်ခြင်း၊ ရေကြီးနစ်မြုပ်မှု လျော့ပါးရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ နွေစပါးရေရရှိရေးအတွက် ဆည်ရေပေးဝေခြင်း၊ မြစ်ကမ်းပါးကာကွယ်ခြင်းလုပ်ငန်းများနှင့် ရေတံခါးများပြုပြင်ခြင်း၊ မြစ်ရေစီးနှုန်းတိုင်းတာခြင်း၊ လယ်သမားတာတမံများအား ပြုပြင်တည်ဆောက်ပေးခြင်းနှင့် တာတမံထိပ် ကျောက်ခင်းခြင်းလုပ်ငန်းများကို သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေဖြင့် တာတမံပြုပြင်ခြင်းလုပ်ငန်း ၃၂ ခု၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း ၄၂ ခု၊ နွေစပါး ရေရရှိရေးလုပ်ငန်း ၁၂ ခု၊ မြစ်ကမ်းပါးကာကွယ်ခြင်းလုပ်ငန်း နှစ်ခု၊ ရေတံခါးနှင့် အခြားလုပ်ငန်း ငါးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ဟသ္သာတခရိုင်အတွင်းရှိ နန်ကသူရေလှောင်တမံမှ ဆည်ရေပေးလျက်ရှိရာ ရေပေးနိုင်သောဧကမှာ ၁၄၀၀၀ ဖြစ်ပြီး နွေစပါးအတွက် ဧက ၅၂၀၀၊ အခြားသီးနှံများ ဧက ၈၈၀၀ လျာထားခဲ့သော်လည်း ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နွေစပါးဧက ၅၃၉၀ ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် နွေစပါးဧက ၆၀၀၀ နီးပါးခန့်အထိရေပေးဝေနိုင်သဖြင့် နွေစပါး စိုက်ဧက တိုးမြင့်လာမှုရှိကြောင်း ဟသ္သာတခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဟသ္သာတခရိုင်အတွင်းရှိ တာတမံများ အဆင့်မြှင့်တင်ပြုပြင်ခြင်းဖြင့် ဒေသအတွင်း ရေဘေးအန္တရာယ် ကျရောက်မှုမှ ကာကွယ်နိုင်ခြင်း၊ ချောင်းကောမြောင်းကောများတွင် ရေနုတ်မြောင်းများတူးဖော်ပေးခြင်းဖြင့် သီးနှံများ ရေကြီးနစ်မြုပ်မှုကာကွယ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိလာမည်ဖြစ်သောကြောင့် ဒေသခံများ ကျေနပ်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကော့မှူးမြို့နယ် လူထုဗဟိုပြုစီမံကိန်း ပညာပေးပြခန်းဖွင့်လှစ်

**ကော့မှူး မတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သော လူထုဗဟိုပြုစီမံကိန်းအကြောင်း အများပြည်သူများ ပိုမိုသိရှိရန် ရည်ရွယ်၍ ကျင်းပသော ပညာပေးပြခန်း ဖွင့်ပွဲအခမ်းအနားကို ဝါးဘလောက်သောက်ကျေးရွာအုပ်စု ဝါးဘလောက်သောက်ကျေးရွာ ဘောလုံးကွင်း၌ မတ် ၂၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြခန်းသို့ လာရောက်လေ့လာကြသော ကော်မတီဝင်များနှင့် ကျေးရွာလူထုအား စီမံကိန်းနှင့်သက်ဆိုင်သော မေးခွန်းများ မေးမြန်းဖြေဆိုကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **သက်မှူး**

# တစ်ပတ်အတွင်းအားကစားသတင်းသုံးသပ်ချက်

**ဒီတစ်ပတ်မှာတော့ ကလပ်အသင်းပွဲစဉ်တွေ ရပ်နားထားပြီး နိုင်ငံတကာခြေစမ်းပွဲတွေ ဆက်တိုက်ကစားနေခဲ့ကာ ကမ္ဘာ့ဖလားအတွက် ခြေသွေးကြတဲ့ အသင်းတွေ၊ ကမ္ဘာ့ဖလား ခြေစစ်ပွဲမအောင်ခဲ့တဲ့ နာမည်ကြီး အီတလီ၊ နယ်သာလန်တို့လို အသင်းတွေကလည်း အသင်းကြီးတွေနဲ့ ခြေစမ်းခဲ့ပါတယ်။ အာရှဖလားပွဲအတွက် ခြေစစ်ပွဲကစားခဲ့ရတဲ့ မြန်မာ့လက်ရွေးစင်အသင်းရဲ့ ရှုံးပွဲကလည်း မြန်မာပရိသတ်တွေအတွက် ဒေါသဖြစ်စရာ စိတ်ပျက်စရာဖြစ်ခဲ့ပြီး ရုပ်သံ၊ ပုံနှိပ်မီဒီယာတွေနဲ့ လူမှုကွန်ရက်တွေမှာ မရိုးနိုင်တဲ့ ဝေဖန်မှုတွေ ခုထိ ထွက်နေဆဲပါပဲ။**

မေလှဲ့သင်း
ရေးသားသည်။



## အာရှဖလား မျှော်လင့်ချက် အဆုံးသတ်ခြင်းနဲ့အတူ

မြန်မာလက်ရွေးစင်အသင်းနဲ့ ကာဂျစ်စတန်အသင်းတို့ယှဉ်ပြိုင်ခဲ့တဲ့ အာရှဖလားခြေစစ်ပွဲမှာ မြန်မာအသင်းက ငါးဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်တာကြောင့် အာရှဖလားခြေစစ်ပွဲ နောက်တစ်ဆင့်တက်ရောက်ဖို့ မျှော်လင့်ချက် လုံးဝအဆုံးသတ်သွားခဲ့ပါတယ်။ ဒီပွဲကို မကြည့်ဖြစ်ဘဲ ရလဒ်ကို ကြည့်ပြီးဆုံးဖြတ်ရင်တောင် ဒါဟာ ခြေစွမ်းပိုင်းအတော်ကွာဟခဲ့တဲ့ အနေအထားဖြစ်မယ်ဆိုတာ လွယ်လွယ်ကူကူပဲ ခန့်မှန်းနိုင်ပါတယ်။

မြန်မာနဲ့ ကာဂျစ်စတန်တို့ ပထမအကျော့တွေ့ဆုံစဉ်က ရလဒ်က နှစ်ဂိုးစီ သရေကျတယ်ဆိုပေမယ့် မြန်မာအသင်းက ခြေစွမ်းပိုင်း အသာရခဲ့တာကလည်း ရှိတော့ မြန်မာပရိသတ်တွေ ဒီပွဲကို မျှော်လင့်တကြီးနဲ့ စောင့်ကြည့်ခဲ့ကြတာပါ။ ဒါ့အပြင် အားကစားစာစောင်တွေ၊ အွန်လိုင်းမီဒီယာတွေကလည်း ပွဲမကစားခင် နှစ်ပတ်လောက်အလိုကတည်းက ဝေဝေဆာဆာ ဖော်ပြကာ ပံ့ပိုးပေးခဲ့ကြပါတယ်။





ရလဒ်ပိုင်းအရတော့ ငါးလအတွင်း ကာဂျစ်စတန် အများကြီး တိုးတက်လာခဲ့သလား၊ မြန်မာအသင်းကကော ဘာတွေလုပ်နေခဲ့သလဲ ဒါလည်း စဉ်းစားစရာရှိပါတယ်။ အမှန်တော့ ကာဂျစ်စတန် ကောင်းလာတာထက် မြန်မာအသင်း အင်မတန် ညံ့ခဲ့တယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်။ ကာဂျစ်စတန်ဟာ မြန်မာအသင်းကို မိနစ် ၉၀ လုံး တစ်ဖက်သတ်ဖိကစားသွားခဲ့ပြီး မြန်မာအသင်းကတော့ အရှုံးအတွက် အဆင်သင့်ဖြစ်နေတဲ့ပုံစံနဲ့ ကစားသွားခဲ့တာကို ကြည့်နေရင်း ပြောစရာစကားတောင် အစရှာမရအောင် ပျောက်သွားခဲ့ပါတယ်။

ဒီမှာ အဓိက ပြောစရာရှိတာက နည်းပြ ဂတ်ဆီဇီရဲ့ နည်းဗျူဟာနဲ့ လူထုတ်ပုံပါ။ နည်းပြဂတ်က ၃-၄-၃ ကစားကွက်ကို ခင်းကျင်းပြီး နောက်တန်းမှာ ရန်အောင်ကျော်၊ ဇော်မင်းထွန်း၊ ကျော်စွာလင်းတို့လို တစ်ခါမှ တွဲဖက်ကစားဖူးခြင်းမရှိတဲ့ ခံစစ်ကို ခင်းကျင်းခဲ့တယ်။ ကျော်စွာလင်းက လက်ရွေးစင်အသင်းအတွက် ပထမဆုံး ပွဲထွက်ခွင့်ရတာဖြစ်သလို ရန်အောင်ကျော်က ကွင်းလယ်ကစားသမားပါ။ တိုက်စစ်မှာလည်း အောင်သူ၊ ရန်နိုင်ဦး၊ အီစိုးတို့ကို တွဲဖက်ထားတယ်။ ရင်းနှီးမှုမရှိတဲ့ နည်းဗျူဟာရယ် သုံးနေကျမဟုတ်တဲ့ အတွဲအဖက်ရယ်က ပြိုင်ဘက်ကို သုံးမိနစ်အတွင်း နှစ်ဂိုးပေးလိုက်ရပါတယ်။ ကွင်းလယ်ကစားသမားတွေက ခံစစ်မှာ အချိန်ကုန်၊ တောင်ပံတိုက်စစ်ကို ပံ့ပိုးပေးမယ့် ကစားသမားပါ ပျောက်ဆုံးသွားပြီး ပထမပိုင်းတစ်ပိုင်းလုံးမှာ အောင်သူကန်တဲ့ ထိုးဖောက်မှု တစ်ကြိမ်ကလွဲရင် ဘာဂိုးသွင်းခွင့်မှ မည်မည်ရရ မရှိခဲ့ဘဲ ပွဲပြီးတော့ ငါးဂိုး-တစ်ဂိုးဆိုတဲ့ ရလဒ်ထွက်လာခဲ့ပါတယ်။

ဒီပွဲအပြီး သုံးရက်အကြာမှာ မြန်မာနည်းပြ ဂတ်ဆီဇီနဲ့ မြန်မာအသင်းတို့ နှစ်ဖက်သဘောတူ လမ်းခွဲခဲ့ကြပြီး လက်ကျန် မကာအိုနဲ့ပွဲကိုတော့ ယာယီနည်းပြ ဦးဇော်ဝင်းထွန်းက တာဝန်ယူကိုင်တွယ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

## မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ခဲ့ကြတဲ့ ရီးယဲလ်တိုက်စစ်အတွဲ

ရီးယဲလ်တိုက်စစ်မှူးတွေဖြစ်တဲ့ စီရိုနယ်လ်ဒိုနဲ့ ဂါရတ်ဘေးလ်တို့ဟာ နိုင်ငံအသင်းတွေအတွက် ဝင်ရောက်ကစားခဲ့ကြချိန်မှာ မှတ်တမ်းကောင်းတွေ အသီးသီးပိုင်ဆိုင်ခဲ့ကြတာကိုတွေ့ရပါတယ်။ စီရိုနယ်လ်ဒိုက ကမ္ဘာပေါ်မှာ နိုင်ငံတကာသွင်းဂိုး တတိယအများဆုံး သွင်းယူတဲ့ ကစားသမားဖြစ်လာသလို ဂါရတ်ဘေးလ်ကလည်း ဝေးလ်အသင်းရဲ့ ထာဝရအများဆုံး ဂိုးသွင်းရှင်ဖြစ်ခဲ့တာပါ။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ အီဂျစ်နဲ့ ပေါ်တူဂီတို့ ကစားခဲ့တဲ့ခြေစမ်းပွဲမှာ သွင်းဂိုး နှစ်ဂိုးသွင်းယူပြီး နောက် အခုလို မှတ်တမ်းကောင်း တစ်ရပ် ပိုင်ဆိုင်ခဲ့တာဖြစ်ပါတယ်။

ပေါ်တူဂီအသင်းက အီဂျစ်တိုက်စစ်မှူး ဆာလာရဲ့ သွင်းဂိုးကြောင့် နောက်ကလိုက်ကစားခဲ့ရပေမယ့် စီရိုနယ်လ်ဒိုက ပွဲပြီးခါနီးမှာ ချေပဂိုး အဲဒီနောက် အနိုင်ဂိုးကို ဆက်တိုက်ဆိုသလို သွင်းယူသွားပြီး သူ့ရဲ့ နိုင်ငံတကာ သွင်းဂိုးအရေအတွက်ကလည်း ၈၁ ဂိုးအထိ ရောက်ရှိလာပါတယ်။

ဒီအတွက်ကြောင့် စီရိုနယ်လ်ဒိုဟာ အီရန်တိုက်စစ်မှူးဟောင်း အလီဒါယီ ၁၀၉ ဂိုး၊ ဟန်ဂေရီတိုက်စစ်မှူးဟောင်း ပွတ်ရှ်ကတ်စ် ၈၄ဂိုးပြီးရင် ကမ္ဘာပေါ်မှာ နိုင်ငံတကာသွင်းဂိုး တတိယအများဆုံး ဖြစ်လာခဲ့ပါပြီ။ စီရိုနယ်လ်ဒိုဟာ ရာသီအစမှာ ခြေစွမ်းအတော်ကျဆင်းခဲ့ပေမယ့် ၂၀၁၈ ခုနှစ်အတွင်း ကလပ်အသင်းနဲ့ နိုင်ငံအသင်းအတွက် နောက်ဆုံးကစားခဲ့တဲ့ ၁၂ ပွဲမှာ ၂၃ဂိုးအထိ သွင်းယူထားနိုင်ပြီး ဖြစ်ပါတယ်။ ပေါ်တူဂီနည်းပြ ဆန်းတို့စ်ကတော့ "သူသာ ကွင်းထဲမှာရှိနေရင် ဂိုးတွေအမြဲတမ်း ရှိနေတတ်ပါတယ်" လို့ ချီးကျူးစကားဆိုခဲ့ပါတယ်။

ဝေးလ်တိုက်စစ်မှူး ဘေးလ်ကတော့ တရုတ်ဖလား ဖိတ်ခေါ်ပြိုင်ပွဲမှာ အိမ်ရှင်တရုတ်အသင်းကို သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းနဲ့အတူ ရီးယဲလ်အသင်းဖော် စီရိုနယ်လ်ဒိုလိုပဲ နိုင်ငံအသင်းနဲ့ အံ့အားသင့်ဖွယ်မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခွင့်ရခဲ့ပါတယ်။

ဘေးလ်ဟာ ပွဲကစားချိန် မိနစ် ၂၀မှာ ယခင်စံချိန်ရှင် ရက်ရှ်နဲ့ သွင်းဂိုးစံချိန်တူညီတဲ့ သွင်းဂိုးကို သွင်းယူခဲ့ပြီးနောက် ပွဲချိန် ၆၂မိနစ်တွင် ဝေးလ်အတွက် စံချိန်သစ်ဖြစ်လာမယ့် သူ့ရဲ့ ၂၉ဂိုးမြောက် သွင်းဂိုးကို သွင်းယူသွားနိုင်ခဲ့တာဖြစ်ပါတယ်။ ဘေးလ်က "နိုင်ငံအသင်းအတွက် ဘာပဲလုပ်ဆောင်ပေးနိုင်နိုင် ဒါက အထွတ်အထိပ်ပါပဲ"လို့ ပြောကြားခဲ့တာကို ဝေးလ်အသင်းရဲ့ ထာဝရအများဆုံး သွင်းဂိုး စံချိန်ရှင်ဖြစ်ခြင်းကရီးယဲလ်နဲ့ ချန်ပီယံလိဂ် ဖလ ၁ း သုံးကြိမ် ရယူနိုင်ခြင်းထက် ပိုပြီး ကောင်းမွန်တယ်လို့ ဆိုလိုခြင်းဖြစ်တယ်လို့ The Sun သတင်းဌာနက ခေါင်းစီးတပ် ဖော်ပြခဲ့တာကိုတွေ့ရပါတယ်။



## တရုတ်ဘောလုံးလောကအတွင်း တက်တူးစစ်ပွဲဆင်နွှဲ

တရုတ်အစိုးရက ပြီးခဲ့တဲ့ ဇန်နဝါရီလကပဲ တက်တူးထိုးထားတဲ့ ပုံရိပ်တွေ ရုပ်သံမှာ ပြသတာမျိုး မရှိရဘူးဆိုတဲ့ တားမြစ်ချက် ထုတ်ခဲ့ပြီး နှစ်လအကြာမှာ ကစားခဲ့တဲ့ တရုတ်နိုင်ငံတကာဖိတ်ခေါ်ဖလားပြိုင်ပွဲ ဝေးလ်အသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာ တရုတ်ကစားသမားတွေဟာ သူတို့ရဲ့ တက်တူးတွေကို ကာကွယ်ထားတာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဒီတားမြစ်ချက်ဟာ တရုတ်ဘောလုံးလောကအတွက်ပါ အကျုံးဝင်တဲ့ ကြေညာချက်ဖြစ်တယ်လို့ အေအက်စ် သတင်းဌာနက ဖော်ပြခဲ့ပါတယ်။ ဒါဟာ တရုတ်ယဉ်ကျေးမှု တန်ဖိုးနဲ့ ကျန်းမာရေးကဏ္ဍ မြင့်တင်ဖို့အတွက် "တက်တူးစစ်ပွဲ" ကို ဆင်နွှဲတာလို့ ဒေသတွင်း မီဒီယာတွေက ဖော်ပြပါတယ်။

ပြီးခဲ့တဲ့ နှစ်ပိုင်းကစလို့ တရုတ်စူပါလိဂ်ကို နာမည်ကျော် ကစားသမားတွေ လာရောက်ကစားကြပြီး အများစုဟာ တက်တူးကို ထင်ထင်ရှားရှားထိုးထားတာ သူများဖြစ်ကြပါတယ်။ ဒီလို ကစားသမားတွေရဲ့ တက်တူးပုံစံအမျိုးမျိုးကို ရုပ်သံတွေမှာ မြင်တွေ့နေရပေမယ့် ဝေးလ်နဲ့ ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ်မှသာ တရုတ်ကစားသမားတွေ တက်တူးတွေကိုဖုံးဖို့ ဒီလိုအကာအကွယ်တွေ အသုံးပြုခဲ့တာကြောင့် ဒါဟာ နိုင်ငံလက်ရွေးစင်ကစားသမားတွေသာ မဖြစ်မနေ လိုက်နာရမယ့် စည်းမျဉ်းလားဆိုတာ ခုထိတော့ အတည်ပြုဖို့ခက်ပါတယ်။



တရုတ်အသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားအတွက် ရည်မှန်းချက် မြင့်မြင့်မားမားထားရှိထားပြီး အီတလီလူမျိုးလစ်ပီကို တစ်ပတ်လုပ်ခပေါင် ၃၅၀၀၀၀နဲ့ လက်ရွေးစင်အသင်းနည်းပြအဖြစ် ခန့်အပ်ခဲ့တာကြောင့် လစ်ပီဟာ ကမ္ဘာ့ကြေးအကြီးဆုံး နည်းပြဖြစ်လာပါတယ်။

# Super Junior ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံများ ထုတ်ဖော်ပြသ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Super Junior”ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ စီစဉ်ထားရာ လတ်တလောမှာတော့ ယင်းတေးအယ်လ်ဘမ်သစ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အဖွဲ့လိုက်ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလိုက်ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဖွဲ့ဟာ လာမယ့် ဧပြီ ၁၂ ရက်မှာ တေးအယ်လ်ဘမ်သစ်ကို စတင်ထုတ်လွှင့်သွားမှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်ဟာ ထုတ်လွှင့်ခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ် “Play”မှာပါဝင်တဲ့ တေးသီချင်းတွေနဲ့ တေးသီချင်းသစ်တွေကို ရောနှောကာ ပြန်လည်ဆန်းသစ်ထုတ်လွှင့်သွားမှာဖြစ်ပြီး အမည်ကိုတော့ “Replay” လို့သာ ပေးထားတာဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်မှာတော့ တေးသီချင်းဟောင်း ၁၀ ပုဒ်နဲ့ တေးသီချင်းသစ် လေးပုဒ် ပါဝင်မှာဖြစ်တယ်လို့လည်း သိရပါတယ်။

လတ်တလောမှာ ယင်းတေးအယ်လ်ဘမ်သစ်အတွက် “Super Junior”ရဲ့ အဖွဲ့လိုက်ဓာတ်ပုံတွေကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ အဖွဲ့ဝင်တွေဟာ လက်တင်တို့ရဲ့ ဝတ်စားဆင်ယင်မှုပုံစံမျိုးနဲ့ ပြင်ဆင်ထားတာကို တွေ့ရပါတယ်။ ဒီလိုဝတ်စားဆင်ယင်ခဲ့တာဟာ တေးအယ်လ်ဘမ်သစ်မှာ လက်တင်တေးသီချင်းတစ်ပုဒ်ပါဝင်ပြီး အမည်ကတော့ “Lo Siento” ဖြစ်ပါတယ်။ ဒါ့အပြင် အခြားတေးသီချင်းသစ် သုံးပုဒ်က “Me & U”၊ “Super Duper” နဲ့ “Hug”တို့ ဖြစ်ကြောင်းလည်း သိရပါတယ်။













# မီနီတေးအယ်လ်ဘမ်သစ်နဲ့ ပရိသတ်ရှေ့အရောက်ပြန်လာတဲ့ TWICE

တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသော အမျိုးသမီး တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “TWICE”ဟာ လတ်တလောမှာတော့ အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်ဖြစ်တဲ့ မီနီတေးအယ်လ်ဘမ်အတွက် ရည်ရွယ်ရိုက်ကူးထားတဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ဓာတ်ပုံတွေကို ထုတ်ဖော်ပြသလာတာ ဖြစ်ပါတယ်။ တေးအယ်လ်ဘမ်သစ်အတွက် ဓာတ်ပုံတွေနဲ့ ပရိသတ်ရှေ့ပြန်လည် ရောက်ရှိလာတဲ့ “ TWICE ”ဟာ မကြာမီမှာ အဖွဲ့ရဲ့ ပဉ္စမမြောက်မီနီတေးအယ်လ်ဘမ်ကို ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားတာဖြစ်ကြောင်း အောကေပေ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလော ထုတ်ဖော်ပြသလာတဲ့ တစ်ဦးချင်းဓာတ်ပုံတွေမှာတော့ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ စန်နာ၊ မိုမို၊ ဂျန်ယွန်းနဲ့ နာယွန်းတို့ရဲ့ ဓာတ်ပုံတွေဖြစ်ပြီး တစ်ဦးချင်းစီရဲ့ ဓာတ်ပုံတွေကတော့ မတူညီတဲ့ရသတွေကို ပေးစွမ်းနေတာ ဖြစ်ပါတယ်။ ပိုပြီးတောက်ပတဲ့၊ ပိုပြီးချစ်စရာကောင်းတဲ့ တေးသီချင်းတွေနဲ့ ပရိသတ်ရှေ့အရောက်ပြန်လာမယ့် “TWICE”ရဲ့ တေးအယ်လ်ဘမ်သစ်ကိုတော့ “What Is Love?”လို့ အမည်ပေးထားကြောင်းလည်း သိရပါတယ်။

လာမယ့်ရက်များအတွင်းမှာလည်း “ TWICE”ရဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီရဲ့ဓာတ်ပုံတွေကို ဆက်လက်ထုတ်ဖော်ပြသသွားမှာဖြစ်ပြီး အဖွဲ့လိုက်လှုပ်ရှားမှုတွေကိုတော့ လာမယ့် ဧပြီ ၉ ရက်မှာ စတင်သွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - ရေးသားသည်**

# ရုပ်သံထူးချွန်ဆုရစာရင်းကို ဦးဆောင်ခဲ့တဲ့ Stranger Things

မကြာသေးမီက ပြုလုပ်ခဲ့တဲ့ အနုပညာထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ “Kids' Choice Awards” ဆုပေးပွဲကြီးရဲ့ ရုပ်သံအစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပေးအပ်ခဲ့တဲ့ ထူးချွန်ဆုစာရင်းမှာတော့ ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ “Stranger Things”က ထူးချွန်ဆု အများဆုံးဆွတ်ခူးနိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၂၄ ရက်မှာ ပြုလုပ်ခဲ့တဲ့ အဆိုပါဆုပေးပွဲကြီးမှာ ရုပ်သံထူးချွန်ဆုနဲ့ပတ်သက်ပြီး ဆုကြီးလေးဆုပေးအပ်ခဲ့ရာမှာ “Stranger Things”က ထူးချွန်ဆု နှစ်ဆုကို ဆွတ်ခူးခဲ့ပြီး အခြားသောရုပ်သံဇာတ်လမ်းတွေကတော့ တစ်ဆုစီ ရရှိခဲ့ပါတယ်။ “Stranger Things”ရရှိခဲ့တဲ့ ဆုတွေကတော့ လူကြိုက်အများဆုံး ရုပ်သံအစီအစဉ်ဆုနဲ့ အဓိကသရုပ်ဆောင်ဖြစ်တဲ့ မင်းသမီး မီလီဘော်ဘီဘရောင်းရရှိခဲ့တဲ့ အကောင်းဆုံးရုပ်သံသရုပ်ဆောင်ဆုတို့ ဖြစ်ပါတယ်။

မီလီဘော်ဘီဘရောင်းဟာ “Kids' Choice Awards”ဆုပေးပွဲကို တက်ရောက်ခဲ့ရာမှာတော့ ပြီးခဲ့တဲ့လအတွင်း ဖြစ်ပွားခဲ့တဲ့ ပေ့ါခ်လန်းအထက်တန်းကျောင်း ပစ်ခတ်တိုက်ခိုက်ခံရမှုအတွင်း သေဆုံးခဲ့ရတဲ့ သူတွေရဲ့အမည်တွေကို အင်္ကျီပေါ်မှာ ရေးသားဖော်ပြခဲ့ကာ အမှတ်တရဂုဏ်ပြုခဲ့တာ တွေ့ရပါတယ်။

မီလီဘော်ဘီဘရောင်းဟာ သေနတ်နဲ့ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရမှုမှာ အသက်ပေးသွားခဲ့ရတဲ့ ကျောင်းသား ၁၇ ဦးရဲ့အမည်တွေကို ဆုပေးပွဲကို ဝတ်ဆင်လာတဲ့ အင်္ကျီရဲ့နောက်ကျောမှာ ရေးသားဖော်ပြဝတ်ဆင်ခဲ့တာ ဖြစ်ပါတယ်။ ဒါ့အပြင် အဆိုပါတိုက်ခိုက်မှုအပြီးမှာ အထက်တန်းကျောင်းသားတွေက လက်နက်ထိန်းချုပ်မှုအတွက် လှုပ်ရှားဖို့ ဖွဲ့ထားတဲ့ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “Never Again”ရဲ့ အမည်ကိုလည်း အင်္ကျီရဲ့ရှေ့မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ရုပ်သံဇာတ်လမ်းတွဲဖြစ်တဲ့ “Stranger Things”ရဲ့ ဇာတ်ဆောင်မင်းသမီး မီလီဘော်ဘီဘရောင်းဟာ ယခုနှစ်ရဲ့ “Kids' Choice Awards” ဆုပေးပွဲမှာ အကောင်းဆုံးရုပ်သံသရုပ်ဆောင်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီလိုထူးချွန်ဆုရရှိခဲ့တဲ့အတွက် သူမရဲ့ ပရိသတ်တွေကို ကျေးဇူးအထူးတင်ရှိကြောင်းလည်း ဆုလက်ခံရယူအပြီး အမှတ်တရစကားပြောကြားစဉ်မှာ မီလီဘော်ဘီဘရောင်းက ထည့်သွင်းပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။




# နံပါတ်တစ်နေရာက ဆင်းခဲ့ရပြီဖြစ်တဲ့ Black Panther ဝင်ငွေအကောင်းဆုံးအဖြစ် Pacific Rim Uprising ရပ်တည်






လူမည်းဇာတ်ကောင်တစ်ဦးကို လူစွမ်းကောင်းအဖြစ် အဓိကဇာတ်ဆောင်နေရာမှာ ထားရှိပုံဖော်ထားတဲ့ မာဘယ်လ်ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ ရုပ်ရှင် “Black Panther”ဟာ ပြီးခဲ့တဲ့လအတွင်းက စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ စတင်ရုံတင်ခဲ့သည့်မှ သီတင်းပတ် ငါးပတ်တိုင်မြောက်အမေရိကရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်ဆယ်ကားစာရင်းကို ဦးဆောင်ထားနိုင်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ နံပါတ်တစ်နေရာကနေ ဖယ်ပေးခဲ့ရတာ ဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာမှ စတင်ရုံတင်လာခဲ့တဲ့ ရုပ်ရှင် “Pacific Rim Uprising”က ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် တစ်လခန့် ရပ်တည်နေခဲ့တဲ့ မာဘယ်လ်ရဲ့ရုပ်ရှင် “Black Panther”ကို သီတင်းပတ်ခြောက်ပတ်မြောက်မှာ ထိပ်ဆုံးကနေ ဖြုတ်ချနိုင်ခဲ့တာ ဖြစ်ပါတယ်။ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်တဲ့ ရုပ်ရှင်ဖြစ်တဲ့ “Pacific Rim Uprising” ဟာ ပြီးခဲ့တဲ့သီတင်းပတ်မှာ စတင်ရုံတင်ခဲ့တာဖြစ်ပြီး အဖွင့်သီတင်းပတ်မှာတော့ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈ သန်းခန့် ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

“Pacific Rim Uprising”ဟာ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးသောရုပ်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ပေမယ့် ဝင်ငွေအရ အလွန်ကိုအောင်မြင်ခဲ့တဲ့ ရုပ်ရှင်တော့ မဖြစ်ခဲ့ပါဘူး။ “Pacific Rim”ဇာတ်လမ်းတွဲတွေအနက် ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ရုံတင်ခဲ့တဲ့ ရုပ်ရှင်ကတော့ အဖွင့်သီတင်းပတ်မှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၇ ဒသမ ၃ သန်း ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒီလိုမြောက်အမေရိကမှာ ဝင်ငွေမကောင်းခဲ့ပေမယ့် “Pacific Rim Uprising”ဟာ ကမ္ဘာတစ်ဝန်းမှာ ရုံတင်ခဲ့ရာမှာတော့ ဝင်ငွေကောင်းခဲ့ပါတယ်။ တရုတ်ဈေးကွက်မှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၅ သန်း ရရှိခဲ့ပြီး တောင်ကိုရီးယားမှာလည်း ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ကြည့်ရှုသူအများဆုံးရုပ်ရှင် ဖြစ်ခဲ့ပါတယ်။

# နှစ်ကူးချိန်ခါသတိထားစရာ

မောင်ဝေးလွင့်(ကလေး)

မကြာမီအချိန်ကာလ အပိုင်းအခြားတွင် နှစ်တစ်နှစ်မှ နှစ်တစ်နှစ်သို့ ကူးပြောင်းချေတော့မည်။ နှစ်တစ်နှစ်၏ ကောင်းကျိုးဆိုးကျိုးများကို ဖြတ်သန်းခဲ့သောဖြစ်စဉ်များကိုကြည့်၍ မိမိဆက်လက်လုပ်သင့်သော၊ မလုပ်သင့်သော၊ စွန့်ပယ်သင့်သော၊ ထပ်ပိုးသင့်သော အကြောင်းတရားများကို ဆင်ခြင်သင့်သော အခါသမယလည်းဖြစ်ပေသည်။

ဇရာ၏လက္ခဏာ ဇရာပြယုဂ်အဖြစ် မိမိသည် တစ်နှစ်တာအချိန်ကာလအတွင်း မည်မျှနာခဲ့ပြီလဲ၊ မည်မျှရင့်ကျက်မှုရရှိပြီလဲဟု တရားသံဝေဂပိုင်းခြားရမည့် အချိန်ကာလဖြစ်သည်။ မိမိသည်သူတစ်ပါးအပေါ်၊မိမိမိသားစုအပေါ်၊ ရပ်ကျိုးရွာကျိုးအပေါ် မည်မျှကောင်းကျိုးမည်မျှပြုနိုင်ခဲ့ပြီလဲဟုဆင်ခြင်ရမည့် ကာလပင်ဖြစ်သည်။မကောင်းမှုများ ပပျောက်အောင် မည်သို့မည်ပုံကြိုတင်တွေးတောကြံဆရမည့် အချိန်ကာလဖြစ်သည်။

**ခွန်အားသစ်တို့ဖြင့် နှစ်သစ်ကိုကျော်ဖြတ်**

နှစ်တစ်နှစ်ကို ဖြတ်ကျော်လာခြင်းသည် သေဘေးလွတ်မြောက်လာသကဲ့သို့ သေရန်လည်း နီးကပ်လာခြင်းနှင့်တူလေသည်။ ရောက်ရှိလာမည့် နှစ်သက္ကရာဇ်ကို အိုဟောင်းသွားသောနှစ်၏ အညစ်အကြေး၊ အဆိုးအယုတ်၊ မကောင်းသော ကာယကံ၊ မကောင်းသော မနောကံ၊ မကောင်းသော ဝစီကံတို့ကို ဆေးကြောသန့်စင်ပြီး စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တို့ဖြင့် နှစ်သစ်ကို ကျော်ဖြတ်စေချင်ပါသည်။

နှစ်တစ်နှစ်၏ အကူးအပြောင်း၊ နှစ်တစ်နှစ်၏ မျှော်လင့်ချက်ရောင်ခြည်တို့ကို မျှော်မှန်းရင်း အပြုံးများ၊ အပျော်များ၊ အရယ်များဖြင့် ဖြတ်သန်းချင်ကြပါလိမ့်မည်။ စာရေးသူကိုယ်တိုင်လည်း ကျော်ဖြတ်ခဲ့သော နှစ်ဟောင်း၏အဆုံးတွင် ဖြတ်သန်းလာခဲ့သော အမောများကို အားရပါးရ ပျော်ရွှင်ခြင်းဖြင့် နှစ်သစ်၏ နှစ်ပတ်လည်လုံး ပျော်ရွှင်စွာနေထိုင်နိုင်ရန် အောင်အတိတ်အောင်နိမိတ်အဖြစ်ရည်ရွယ်ထားပါသည်။ သို့သော် အပျော်သည် စည်းရှိဖို့လိုအပ်ကြောင်းကိုလည်း တင်ပြချင်ပါသေးသည်။

မည်သည့်နှစ်သစ်ကူးမဆို ဘာသာမတူ၊ လူမျိုးမတူသော်လည်း အပျော်ချင်းကတူနေကြသည်။ လူဆိုသည်မှာ အပျော်များနှင့် ဆုံချင်သည်။ တစ်ခါတစ်ရံတွင် အပျော်လွန်က အပျက်ဖြစ်တတ်သည်ကိုလည်းသတိမူစေချင်သည်။ နှစ်သစ်ကူးအကြိုတွင် အပျော်များပျော်ကြရန် ကြိုတင်စီစဉ်ကြသည်။ ကြိုတင်လူစုကြသည်။ စုပေါင်းဝိုင်းဖွဲ့ကာ အပျော်များဖန်တီးကြသည်။ ထိုအပျော်တို့သည် မိမိကိုယ်ကို ဒုက္ခဖြစ်စေမည်လား၊ အခြားသူများကို အနှောင့်အယှက်ဖြစ်စေမည်လား စဉ်းစားဆင်ခြင်သင့်ပေသည်။

ထိုသို့ ပျော်ရွှင်သူများတွင် လူငယ်လူရွယ်သာမဟုတ်ပေ။ သက်ကြီးပိုင်း၊ သက်လတ်ပိုင်း၊ ပျိုပျိုအိုအိုအကုန်ပျော်ကြသည်ကို မြင်တွေ့ခဲ့ဖူးသည်။ ပျော်သည်ကို မပြောလိုပါ။ အပျော်ကဲခြင်းကို ဆိုလိုပါသည်။ အရက်သေစာ သောက်စား၊ မူးယစ်ရမ်းကားကာ ခိုက်ရန်ဖြစ်ပွားပြီး ဆေးရုံရောက်သူ၊ အချုပ်ရောက်သူများ ဒုနဲ့ဒေးပင်။ လွန်လွန်ကျူးကျူး သောက်စားပျော်ပါးကြခြင်းဖြင့် မမှားသင့်သောအမှားများ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်နိုင်သည်ကို ကြိုတင်ဆင်ခြင်သင့်ပေသည်။ မိဘဆွေမျိုးအသိုက်အဝန်းမှလည်း ပျော်ရွှင်ဖွယ်ရာ နှစ်သစ်ကူးအချိန်ကာလ၌ စိတ်ကြည်လင်အေးချမ်းစွာ နှစ်သစ်ကိုကျော်ဖြတ်နိုင်ရန်အတွက် မိမိသားသမီးများကို ကြိုတင်ဆုံးမသတိပေးစီစဉ်ထားသင့်ပေသည်။

> **“ အမျိုးသမီးငယ်လေးများအနေဖြင့် အထူးဂရုပြုသင့်အချိန်ဖြစ်သည်။ အမှားများကျူးလွန်နိုင်သကဲ့သို့ မိမိဘဝ လုံခြုံရေးအတွက် အလွန်စိုးရိမ်ဖွယ်ရာဖြစ် . . . ”**

နှစ်သစ်ကူးအချိန်ကာလသည် သောက်စားမူးယစ်ရမ်းကားသူများမောင်းနှင်သည့် ယာဉ်များကြောင့် အပြစ်ကင်းသော ပြည်သူများ ထိခိုက်အနာတရဖြစ်လာနိုင်သကဲ့သို့ မောင်းနှင်သူကိုယ်တိုင်လည်း အနာတရဖြစ်ကာ အသက်ဆုံးရှုံးမှုများ ဖြစ်လာနိုင်သည်။

သို့အတွက် အပျော်ကိုမင်သကဲ့သို့ ဖြစ်လာမည့်ဘေးကိုလည်း မြင်တတ်ဖို့လိုပေသည်။ တာဝန်ရှိသော လုံခြုံရေးဝန်ထမ်းများသည်လည်း ရပ်ရွာအေးချမ်းသာယာရေးအတွက် အပျော်ကျူးနှစ်ကူးအချိန်တွင် အထူးအလေးထားဆောင်ရွက်သင့်ပါသည်။ ခိုက်ရန်ဖြစ်ခြင်း၊ ယာဉ်အန္တရာယ်ဖြစ်ခြင်းစသည်တို့သည် နိုင်ငံအတွက် တစ်နည်းအားဖြင့် ဆုံးရှုံးခြင်းလည်းမည်ပေသည်။

**ထိန်းသိမ်းစောင့်ရှောက်**

အမျိုးသမီးငယ်လေးများအနေဖြင့် အထူးဂရုပြုသင့်ချိန်ဖြစ်သည်။ အမှားများကျူးလွန်နိုင်သကဲ့သို့ မိမိဘဝ လုံခြုံရေးအတွက် အလွန်စိုးရိမ်ဖွယ်ရာဖြစ်သည်။ ယုံကြည်မှုလေးစားမှုတို့ကို အခွင့်ကောင်းယူကာ ဘဝဖျက်ဆီးတတ်ကြသူများလည်းရှိနိုင်သည်ကို သတိမူသင့်သည်။ ယခုရက်ပိုင်းအတွင်း ကြားသိနေရသော သတင်းသည်လည်း ယုံကြည်မှုကြောင့် သူများဆင်သော ထောက်ချောက်ထဲသို့ ဝင်မိပြီး မီးရှို့အလောင်းဖျောက်ခံခဲ့ရခြင်းဖြစ်သည်။ မိဘများအနေဖြင့်လည်း မိမိသားသမီးများ အမှန်တကယ်ချစ်သည်ဆိုလျှင် ထိုရက်ထိုခါတွင် ထိန်းထိန်းသိမ်းသိမ်းစောင့်ရှောက်ကာ အရိပ်တကြည့်ကြည့်ရှိသင့်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ပျော်ရွှင်ဖွယ်ကောင်းသော နှစ်သစ်ကူးကာလတွင် မိမိတို့ပျော်ကြသကဲ့သို့ အခြားသူများလည်း အနှောင့်အယှက်ကင်းကင်း ပျော်ခိုင်းသင့်ပါသည်။ ကိုယ့်ကြောင့်၊ ကိုယ့်သားသမီးကြောင့်၊ ကိုယ့်ဆွေမျိုး အသိုက်အဝန်းကြောင့် အကျည်းတန်သော နှစ်သစ်လေးမဖြစ်စေချင်ပါ။ ပျော်ရွှင်သော နှစ်သစ်ကူးမှာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ အပြစ်ကင်း၍ ကုသိုလ်ကောင်းမှုများပြုလုပ်ပြီး စည်းကမ်းကအစလိုက်နာကျင့်သုံးရင်း နှစ်သစ်မင်္ဂလာကို ဆင်နွှဲလိုက်ကြပါစို့။

## လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး ဟိုစဲ့-ဘီပီ(၁၄) လမ်းကတ္တရာခင်း

**မယ်စဲ့ မတ် ၂၇**

နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများလမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ်တွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဟိုစဲ့ -ဘီပီ(၁၄)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အောင်နတ်သားကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းသည် နွေရာသီတွင် ဖုန်များထူထပ်၍ မိုးရာသီတွင် ရွှံ့ဗွက်များဖြင့် သွားလာရေးခက်ခဲကြောင်း၊ ယခုအခါ အမာခံမြေသားလမ်းကို ကတ္တရာလမ်းခင်းပေးသည့်အတွက် ရာသီမရွေးသွားလာမှု လွယ်ကူစေပြီး တစ်ဖက်ထိုင်းနိုင်ငံ မယ်စရင်းမြို့နှင့် မယ်စဲ့မြို့တို့ နှစ်နိုင်ငံကူးသန်းသွားလာရေး အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း ဟိုစဲ့ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ဟိုစဲ့-ဘီပီ(၁၄)လမ်းသည် အရှည် သုည/၄ မိုင်၊ ကတ္တရာလမ်းသား အကျယ် ၁၂ ပေ၊ အမြင့်တစ်ပေ ကတ္တရာခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၆ သန်းဖြင့်လည်းကောင်း၊ ယင်းလမ်းပေါ်ရှိ ၂၅×၁၆ ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ်၂၅ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ အောင်နတ်သားကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာဦးကျော်ကျော်ဦး ကြီးကြပ်၍ လမ်းလုပ်သား ၄၀ ကျော်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများရာနှုန်းပြည့် ပြီးစီးရေးအတွက် လုပ်သားအင်အားများ ဖြည့်ဆည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောင်နတ်သားကုမ္ပဏီမှ တာဝန်ရှိသူ ဦးအာကာမန်းအောင်က ပြောသည်။

**ဝတ်ရည်(ပြန်/ဆက်)**






## ကော့သောင်းမြို့အဝင် ဗျူးပွိုင့်တွင် ရွှေရောင်သံမဏိပြား စာလုံးကြီးများ တပ်ဆင်

**ကော့သောင်း မတ် ၂၇**

ကော့သောင်းမြို့သို့ ပြည်ထောင်စု လမ်းမကြီးမှတစ်ဆင့် စတင်ဝင်ရောက်လာပါက သီရိမြိုင်ရပ်ကွက်အစဝန်းကျင်သည် အက်ဒမန်ပင်လယ်ဝရှိ ကျွန်းနှင့်သာယာလှပသည့် အပေါ်စီးရှုခင်းများကြောင့် မြို့သို့လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ အမှတ်တရဓာတ်ပုံရိုက် မှတ်တမ်းတင်ခြင်း၊ မြို့ခံပြည်သူများ အပန်းဖြေအနားယူခြင်းဖြင့် အစဉ်စည်ကားလျက်ရှိသည့် နေရာတစ်ခုဖြစ်ရာ မြို့ပိုမိုသာယာလှပရေးနှင့် လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားများ ဓာတ်ပုံရိုက်ကူးရာတွင် မြန်မာနိုင်ငံတောင်ဘက်စွန်းရောက် အမှတ်တရဖြစ်ကြစေရန် ဗျူးပွိုင့်နေရာ ကော့သောင်း-ဘုတ်ပြင်း ကားလမ်းဘေးတွင် Welcome To KAWTHAUNG (ကော့သောင်းမြို့မှ ကြိုဆိုပါ၏) ရွှေရောင်သံမဏိပြား စာလုံးကြီးများ ယနေ့ နံနက်ပိုင်းက တပ်ဆင်ခဲ့ကြောင်း သိရသည်။

အဆိုပါစာလုံးများ တပ်ဆင်ခြင်းလုပ်ငန်းကို မြို့အင်္ဂါရပ်နှင့်အညီ လှပတင့်တယ်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၊ မြို့နေပြည်သူများ စိတ်လက်အေးချမ်းစွာ အပန်းဖြေနိုင်ကြရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၇ ရက်က Welcome To KAWTHAUNG ရွှေရောင်သံမဏိပြား စာလုံးကြီးများ တပ်ဆင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းပွန်မြို့တွင် လွန်ခဲ့သောနှစ်ပေါင်း (၁၁၅)နှစ်က မိုင်းပွန်စော်ဘွားကြီး စပ်ခွန်ထီးနှင့် မိုင်းပွန်တိုက်နယ်သူ၊ တိုက်နယ်သားများ လှူဒါန်းပူဇော်ထားသော သကျမုနိန္ဒမဟာမြတ်မုနိဘုရားကြီးကို ဘက်စုံပြုပြင်မွမ်းမံခဲ့ရာ အောင်မြင်စွာဆောင်ရွက်ပြီးစီးပြီဖြစ်ပါ၍ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ပွဲနှင့် ပြဿဒ်ကျောင်းဆောင်တော်မြတ် ရွှေထီးတော်အထွဋ်တင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းပြီး အတူတကွရေစက်သွန်းချ အမျှပေးဝေလိုပါသဖြင့် အနယ်နယ်အရပ်ရပ်တွင်ရောက်ရှိနေသော မိုင်းပွန်နွယ်ဖွားဇာတိသားများ နှင့် ဓမ္မမိတ်ဆွေအပေါင်း သူတော်ကောင်းတို့အား ရိုသေလေးမြတ်စွာ မေတ္တာရှေ့ထား ဖိတ်ကြားအပ်ပါသည်။

**တရားပွဲအကြိုဓမ္မပူဇာသဘင်-**

၁-၄-၂၀၁၈ ဦးဝါသေဋ္ဌာဘိဝံသ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်

၂-၄-၂၀၁၈ အရှင်ဝီရိယ သာသနဓဇဓမ္မာစရိယ၊ တိပိဋက-ဒီကဘာဏက၊ နိကာယပ္ပဇောတက-
အဂ္ဂဓမ္မာစရိယ ဓမ္မဘေရီ ဆရာတော် (တောင်စွန်း)

၃-၄-၂၀၁၈ ဗန်းမော်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ မဟာသဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ

အလှူမင်္ဂလာနေ့ရက်။ ။ ၁၃၇၉ခုနှစ်၊ တန်ခူးလပြည့်ကျော် (၄)ရက်၊
၂၀၁၈ခုနှစ်၊ ဧပြီလ(၄)ရက် (ဗုဒ္ဓဟူးနေ့)

အလှူမင်္ဂလာအချိန်။ ။ နံနက်(၇)နာရီမှ မွန်းတည့် (၁၂)နာရီထိ

အလှူမင်္ဂလာနေရာ။ ။ သကျမုနိန္ဒ မဟာမြတ်မုနိဘုရားကြီး၊ မိုင်းပွန်မြို့၊ လွိုင်လင်ခရိုင်၊
ရှမ်းပြည်နယ် (တောင်ပိုင်း)

**သုဓမ္မသိင်္ဂီဒေါ်စိန်**

**သား ဦးမောင်မောင်-(ဒေါ်အေးမြင့်ချို)မိသားစု၊ တောင်ကြီး**

**ဦးတင်ရွှေ-ဒေါ်နန်းသက်စုလှိုင်ထွန်း မိသားစု၊ ရန်ကုန်**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြတင် အသက်(၉၈)နှစ်

ဦးကြည်စိုး + သုဓမ္မသိင်္ဂီ ဒေါ်ငွေငွေရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) တို့၏မိခင် ဒေါ်မြတင် အသက် (၉၈)နှစ်သည် (၁၅-၃-၂၀၁၈)ရက်နေ့(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ သဖြင့် မိသားစု နှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်မြတ်ကျော်၊ ဦးဝင်းမြင့်၊ ဒေါက်တာပြည့်သိမ်း၊ ဦးမောင်မောင်ဦး(ဂရိတ်ဝေါတိုင်းရင်းဆေး)၊ ဦးထွန်းရွှေ (ထွန်းရွှေဝါ)၊ ဦးလှငွေ(မှန်ချိုမိသားစု)၊ ဦးတင်မောင်(စန္ဒီ)၊ ဦးပေါ်ငြိမ်း(ကံသာ)၊ ဒေါက်တာခင်မောင်ထွန်း(ထက်လင်း)၊ ဦးမြတ်ဦး(ဘောဂီဗိုက်တာ)၊ ဒေါ်ရင်ရင်တင့်(ဖွဲ့ရတနာ)၊ ဖျံသုံးကောင်၊ ဒေါ်ငွေငွေခိုင်(မောရိယ)၊ ဦးစိုးမိုးလှိုင်(ဇီဝသုခ)ဦးလွင်ဦး(စွယ်စုံ)၊ ဦးမြင့်ဇော်(အေးငြိမ်းသီတာ)၊ ဦးခင်မောင်ဝင်း(ရွှေမန်းတောင်)၊ အောင်ထိပ်တန်း ၊ ဦးဝင်းမောင်(အောင်တမန်)၊ ဦးသောင်းလွင် (ကလျာ)၊ အဝေရာ၊ ဦးကြည်ဝင်း (ဆန္ဒမွန်) ။

## (၇)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

### ရဲမှူးကြီးတင်မောင်ငွေး(ငြိမ်း) D.S.A(17)

### (၂၈-၃-၂၀၁၁) - (၂၈-၃-၂၀၁၈)

ချစ်ရဆုံးမောင်

မောင် ချစ်ရတဲ့ မိသားစုလေးနဲ့ ခွဲခွာသွားတာ ဒီနေ့ (၇)နှစ်ပြည့်ခဲ့ပြီ။ အချိန်တွေကြာခဲ့ပေမယ့်လည်း တစ်နေ့တစ်ရက်မှ မမေ့နိုင်ခဲ့ပါ။ အချိန်တိုင်း အမြဲတမ်း သတိရလွမ်းဆွတ်နေခဲ့ပါတယ်။ သောကအားလုံး တရားနဲ့ဖြေခဲ့ပါတယ်။ မောင့်အတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာမှာ နှစ်စဉ်ကုသိုလ်ဒါန ပါဝင်လှူဒါန်းခဲ့ပြီး တေဇစက္ကီ ဘုန်းတော်ကြီးကျောင်းမှာလည်း နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပါတယ်။ ပြုလုပ်ခဲ့သမျှ ကုသိုလ်ကောင်းမှုအတွက် မောင် ရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုနိုင်ပါစေ။

မောင်ရေ အမျှ အမျှ အမျှ

ချစ်ဇနီး - ဒေါ်တင်ရွှေ
ချစ်သမီး - မခိုင်တင်ဇာငွေး

## အထူးဝမ်းနည်းကြေကွဲခြင်း

Champion Overseas Trading Co., Ltd မှ
Sr. Director ဒေါ်ခင်လှညွန့်၏ မွေးသမိခင်ကျေးဇူးရှင်
ဘုရား၊ ရဟန်းဒါယိကာမကြီး
ဒေါ်လှ(ခ)ဒေါ်ရင်လှ အသက်(၉၄)နှစ်
သည် (၂၅-၃-၂၀၁၈)နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

NAING Group of Companies
Board of Directors နှင့် ဝန်ထမ်းများ

## ဝမ်းနည်းကြေကွဲခြင်း

### ဦးစိုးမြင့်(ခ)ဦးကိုကိုကြီး(ကျားခေါင်းပွဲရုံ)

### အသက်(၈၃)နှစ်

ဆန်စပါးကုန်စည်ဒိုင်(ဘုရင့်နောင်) တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်စိုး(ခ)ကိုစိုးစိုး၏ဖခင် ဦးစိုးမြင့်(ခ)ဦးကိုကိုကြီး (ကျားခေါင်းပွဲရုံ)သည် ၂၅-၃-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Excel International Trading Co.,Ltd**

## ကျေးဇူးဥပကာရတင်ရှိခြင်း

### ဦးစိုးမိုးလှိုင်

**EGTI (Civil)**

**တာဝန်ခံအင်ဂျင်နီယာ၊ ရွှေမနေအောင်ကုမ္ပဏီလီမိတက်**

### အသက် (၄၄) နှစ်

ဦးစိုးနိုင်-ဒေါ်တင်တင်စိန်တို့၏ သားကြီး၊ ဒေါ်မူမူသင်း၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးနေဝဏ္ဏလှိုင် (ခလရ ၂၆၇)၊ မောင်နေသူရလှိုင်တို့၏ဖခင် ဦးစိုးမိုးလှိုင်အား "ရွှေမနေအောင်" ကုမ္ပဏီလီမိတက်တွင် တာဝန်ထမ်းဆောင်စဉ် သားသမီးအရင်း ကဲ့သို့ ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပြီး နာမကျန်းစဉ်မှ ကွယ်လွန်ပြီးသည်အထိ ကုသရေးကိစ္စအဝဝတို့အားလည်းကောင်း၊ ဂူသွင်းသင်္ဂြိုဟ်ခြင်းကိစ္စအဝဝကိုလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရားတော်နာကိစ္စအဝဝကိုလည်းကောင်း လိုလေသေးမရှိ မေတ္တာ၊ စေတနာအပြည့်ဖြင့် စီမံဆောင်ရွက်ပေးခဲ့ပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာ ဦးစိုးသိန်း (MD၊ ရွှေမနေအောင်ကုမ္ပဏီလီမိတက်)နှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့အား လှိုက်လှဲစွာ ကျေးဇူး ဥပကာရ အထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

### နော်ဝါးဝါးဖော်(ခ)စနိုးဝိုက်

**ရုက္ခဗေဒ ပါမောက္ခ(ငြိမ်း)၊ ဒဂုံတက္ကသိုလ်**

### အသက် (၇၃) နှစ်

ကျွန်တော်/ကျွန်မတို့အား ပညာသင်ကြားပေးခဲ့သည့် ချစ်လှစွာသော ဆရာမရုက္ခဗေဒပါမောက္ခ နော်ဝါးဝါးဖော်(ခ) စနိုးဝိုက်သည် ၂၂-၃-၂၀၁၈ (ကြာသပတေးနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေးတက္ကသိုလ်**
**၁၉၈၂ ခုနှစ်၊ B.Ag ကျောင်းဆင်းတပည့်များ**

## ကျေးဇူးဥပကာရတင်ရှိခြင်း

### ဦးစိုးမိုးလှိုင်

**EGTI (Civil)**

**တာဝန်ခံအင်ဂျင်နီယာ၊ ရွှေမနေအောင်ကုမ္ပဏီလီမိတက်**

### အသက် (၄၄) နှစ်

ဦးစိုးနိုင်-ဒေါ်တင်တင်စိန်တို့၏ သားကြီး၊ ဒေါ်မူမူသင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ဗိုလ်ကြီးနေဝဏ္ဏလှိုင် (ခလရ ၂၆၇)၊ မောင်နေသူရလှိုင်တို့၏ဖခင် ဦးစိုးမိုးလှိုင်အား ဂရုတစိုက်ပြုစုကုသပေးခဲ့ကြသော "မိုးသီး"အထူးကုဆေးခန်း (သာကေတ)မှ ဆရာဝန်နှင့် ဝန်ထမ်းများ၊ "ရန်ကုန်ပြည်သူ့ဆေးရုံကြီး"မှ အထူးကုသမားတော်ကြီးများနှင့် ဝန်ထမ်းများ၊ လိုအပ်သောကိစ္စအဝဝကို စေတနာနှင့် ကူညီဆောင်ရွက်ပေးကြသော ရွှေမနေအောင်ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ၊ ကွယ်လွန်ပြီးချိန်မှ ရက်လည်ဆွမ်းကျွေးပြီးသည်အထိ မေတ္တာနှင့် မေးမြန်းကူညီဆောင်ရွက်ပေးကြသော ရွှေမနေအောင်ကုမ္ပဏီလီမိတက်မှ ဝန်ထမ်းများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူး ဥပကာရ အထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးလှဦး

**B.E.Textile (1978)**

### အသက် (၇၁) နှစ်

ဦးလှဦး (B.E.Textile)သည် ၂၃-၃-၂၀၁၈ ရက် နံနက် ၂း၅၄ နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ချည်မျှင်နှင့် အထည်အင်ဂျင်နီယာမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးလှဦး

**B.E.Textile (1978)**

### အသက် (၇၁) နှစ်

ဦးလှဦး (B.E.Textile)သည် ၂၃-၃-၂၀၁၈ ရက် နံနက် ၂း၅၄ နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**1972-78 Batch RIT ကျောင်းသားဟောင်းများ**

## ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ လမ်း-၄၀၊ အမှတ်-၂၆၈အမည်တွင်သော ၂ခန်းတွဲ (၃)ထပ်၊ အဆောက်အအုံနှင့် ၎င်းတည်ရှိရာ ဒေါ်လှရွှေ အမည်ပေါက် ဘိုးဘွားပိုင်မြေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာမွန်ဈေး၊ ဒုတိယထပ်ရှိ ဆိုင်ခန်းအမှတ်-၁၄၇နှင့် စပ်လျဉ်း၍

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ (၁) ဦးလှညွန့်[၁၂/ပဇတ(နိုင်)၀၂၆၁၈၂]၊ (၂) ဒေါ်ဝင်းဝင်းရီ[၁၂/ကတတ(နိုင်)၀၁၃၈၇၅]၊ (၃) ဒေါ်ခင်ခင်ချို[၁၂/ကတတ(နိုင်)၀၁၃၄၀၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဦးမြသန်းနှင့်ဒေါ်လှရွှေတို့တွင် သားသမီး (၇)ဦး ထွန်းကားခဲ့ရာ (၁)ဦးလှညွန့်၊ (၂)ဒေါ်မြင့်မြင့်ကြည်[၁၂/ကတတ(နိုင်)၀၁၃၈၇၄] (၃) ဒေါက်တာစိုးသိန်း [၁၂/ကတတ(နိုင်)၀၁၂၅၉၃]၊ (၄) ဒေါ်ဝင်းဝင်းရီ၊ (၅) ဒေါ်ခင်ခင်ချိုတို့(၅)ဦးသာ သက်ရှိထင်ရှားရှိပါသည်။

ဦးမြသန်းသည် ၁၅-၁၀-၂၀၁၀ရက်တွင် ကွယ်လွန်၍ ဒေါ်လှရွှေသည် ၁၄-၇-၂၀၁၇ ရက်တွင် ကွယ်လွန်သွားခဲ့ရာ အထက်ခေါင်းစည်းပါ ပစ္စည်း(၂)ရပ် ကျန်ရစ်ခဲ့သဖြင့် ယင်းတို့ကို ဦးလှညွန့်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါက်တာစိုးသိန်း၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်ခင်ခင်ချို မောင်နှမ(၅)ဦးတို့က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အထက်ပါပစ္စည်း(၂)ရပ်ကို ဦးလှညွန့်၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်ခင်ခင်ချိုတို့၏ စာဖြင့် သဘောတူခွင့်ပြုချက်မရှိဘဲ အမည်ပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းတစ်စုံတစ်ရာဖြင့် လွှဲပြောင်းခြင်းများ မပြုရန် အသိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ပါက ဆောင်ရွက်သူနှင့် ဆောင်ရွက်ခြင်းကို လက်ခံသူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူများ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| (၁) ဦးလှညွန့် | ဦးမျိုးအောင်(B.A,R.L) |
| (၂) ဒေါ်ဝင်းဝင်းရီ | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၃၉၆) |
| (၃) ဒေါ်ခင်ခင်ချို | ၁၁၀၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်။ |
| | ဖုန်း-၀၉-၅၁၈၆၈၂၂ |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၂)၊ ဦးကြင်ဥလမ်း၊ မြေကွက်အမှတ်(၈၂၉)၊ ပေ(၄၀×၆၀) နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ မူလပိုင်ရှင် ဒေါ်မြတ်လေးရီ(CJ-002015) ထံမှတစ်ဆင့် ယခု လက်ရှိပိုင်ဆိုင်သူ ဦးမောင်မောင်စန်း[၁၂/တကန(ဧည့်) ၀၀၀၁၃၁]ထံမှ ကျွန်တော် ဦးအောင်ကျော်စိုး[၁၂/ကမတ(နိုင်)၀၁၁၄၇၄]သည် ဝယ်ယူရန်အတွက် အဆိုပါမြေကွက်ပိုင်ရှင်အား စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်မည်ဆိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်စိုး**
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၀၁၉၂၇၊ ၀၉-၇၈၅၉၇၁၉၂၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂-စီ)၊ မြေကွက်အမှတ်(၄/၂၆၂)၊ ဧရိယာ(၀. ၂၀၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၄/၂၆၂)၊ ကာယ(၁၂)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယညာဏဂရန်ပေးစီမံချက် ငယ်စာရင်း အမည်ပေါက် ဒေါ်ဂျူဗျက်ထန်ဇီး[၁၂/မဂဒ(နိုင်)၀၅၉၃၉၄]ကိုယ်တိုင်မှ ကာယရပ်ကွက်၊ မြေယာအထောက်အကူပြုအဖွဲ့၊ သယ်န်းကျွန်းကြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့၏ နှစ်(၆၀)ဂရန်လျှောက်ထားခြင်းအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာတို့ကိုတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/အနောက်၊ မြေကွက်အမှတ်-၇၂၁(က)၊ မြေကွက်တည်နေရာအမှတ်-၇၂၁(က)၊ (၇)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁) ဦးကျော်သန်း[၁၂/သကတ(နိုင်)၀၃၄၇၀၁]၊ (၂)ဒေါ်မြင့်မြင့်[၁၂/သကတ(နိုင်)၀၃၄၇၉၂]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်သန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်မြင့်မြင့်[၁၂/သကတ(နိုင်)၀၃၄၇၉၂]မှ ပိုင်ဆိုင်စာချုပ်အမှတ် ၄၀၄၆/၂၀၁၆ (၂၂-၇-၂၀၁၆)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်မြင့်မြင့်မှဂရန်မူရင်းပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်/ရဲစခန်းထောက်ခံစာ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းကို လုံးဝမရှိပါကြောင်း ဝန်ခံကတိပြုကျမ်းကျိန်ဆိုသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၅-၇-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်စာအမှတ် ၁၀၀၇၉/၁၆၊ ကိုယ်စားလှယ်လွှဲအပ်ထားသူ ဒေါ်မြင့်မြင့်သည် ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်း ကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းခြင်းမပြုသေးသည်မှာ မှန်ကန်ကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၁-၇-၂၀၁၆ရက်စွဲပါ ကျမ်းကျိန်အမှတ်-၁၀၀၆၅/၁၆ ကိုတင်ပြ၍ ဒေါ်မြင့်မြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၁၀/၂၀၁၆)ရသူ ဦးကျော်နိုင်ထွန်း[၅/မရန(နိုင်)၁၄၁၅၁၃၆]မှ ဂရန်မိတ္တူနှင့် အမည်ပြောင်း လျှောက်ထားလာရာ ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ်(၁)လုံး၊ တစ်ထပ်ပျဉ်ထောင်(၁)လုံးရှိပြီး အရပ်ကတိဖြင့် ဝယ်သူဦးချစ်သန်း၊ ဒေါ်အေးအေးပြုံးတို့ နေထိုင်သဖြင့် အရပ်ကတိဝယ်သူများ၏သဘော တူညီချက်နှင့် ၎င်းတို့နေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတို့တင်ပြပြီးဖြစ်၍ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ အသက ၂၂ လမ်းနေ ဦးအေးမောင်[၁၂/ဥကတ(နိုင်)၀၈၂၉၂၄]၏သမီးဖြစ်သူ မမင်းမင်းထွေး [၁၂/ဥကတ(နိုင်)၁၄၁၃၂၀]သည် ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်သည့်အတွက်ကြောင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအေးမောင်[၁၂/ဥကတ(နိုင်)၀၈၂၉၂၄]**

မီး
သတိပြု

# မုက္ခာဆည် ရေတံခွန်နှင့် ဆင်စခန်း၌ ခရီးသွားပြည်သူများ စည်ကား


ကျောက်ကြီးမြို့ ရေတံခွန်များတွင် စိတ်အေးချမ်းသာစွာ အပန်းဖြေနိုင်ပြီ
စာမျက်နှာ - ၂

မြင်းခြံမြို့တွင် အိမ်ထောင်ရှင်အလှမယ် ရွေးချယ်ပွဲ ကျင်းပမည်
စာမျက်နှာ - ၃

ကလေးစာပေပွဲတော် (ဟင်္သာတ) စည်ကား သိုက်မြိုက်စွာ ကျင်းပမည်
စာမျက်နှာ - ၁၁




**မင်းလှ မတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့အရှေ့ဘက်ရှိ မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းတွင် ခရီးသွားပြည်သူများ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

မင်းလှ မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းကို ဇန်နဝါရီ ၄ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ရာသီဥတု တဖြည်းဖြည်း ပူပြင်းလာပြီဖြစ်၍ ခရီးသွားအပန်းဖြေအနားယူသူများ တစ်နေ့ထက်တစ်နေ့ များပြားလာလျက်ရှိကြောင်း၊ ဆင်စခန်းစတင်ဖွင့်လှစ်စဉ်က ဆင် ၁၁ ကောင်ရှိရာ ယနေ့အချိန်တွင် ၁၇ ကောင်ရှိလာပြီဖြစ်ကြောင်း၊ ခရီးသွား အပန်းဖြေအနားယူသူများအား မုက္ခာဆည်အနီး ပတ်ဝန်းကျင် တောတောင်ရေမြေ သဘာဝအလှတရားများကို ပြသဆောင်ရွက်ပေးရာတွင် ဆင်မကြီးနှစ်ကောင်မှာ သားပေါက်များရှိသောကြောင့် ဆင် ၁၃ ကောင်ဖြင့်သာ ပို့ဆောင်ပေးနိုင်ကြောင်း၊ ဆင်စီးခအဖြစ် ငွေကျပ် ၃၀၀၀ ကောက်ခံပြီး ရေတံခွန်တွင်လည်း ရေကစား၍ ဒေသထွက်စားစရာများဖြစ်သော ပုရစ်ကြော်၊ ချိုးကြော်၊ ငါးကြော်၊ ကြွက်ကြော်နှင့် ခရုဟင်းချိုတို့ကို အရသာရှိစွာ စားသောက်နိုင်သောကြောင့် မင်းလှ မုက္ခာဆည်ရေတံခွန်နှင့် ဆင်စခန်းသို့ ခရီးသွားအပန်းဖြေသူပြည်သူများ များပြားစွာ လာရောက်ကြကြောင်း သိရသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

| ထူးခြားသည့် နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၁ ဒီဂရီစင်တီဂရိတ် |
| ပျဉ်းမနား | ၄၀ ဒီဂရီစင်တီဂရိတ် |
| အောင်လံ | ၄၀ ဒီဂရီစင်တီဂရိတ် |
| တောင်တွင်းကြီး | ၄၀ ဒီဂရီစင်တီဂရိတ် |
| ရွှေကျင် | ၄၀ ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲ | ၄၀ ဒီဂရီစင်တီဂရိတ် |

# ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင် ဘောလုံးအခြေခံနည်းစနစ်များ သင်ကြားပေးမည်

**ရန်ကုန် မတ် ၂၇**

မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ၂၀၀၂ ကမ္ဘာ့ဖလားပြိုင်ပွဲချန်ပီယံ ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်သည် မြန်မာလူငယ်ဘောလုံးသမားများအား ဘောလုံးအခြေခံနည်းစနစ်များ နှစ်ရက်ကြာ သင်ကြားပေးမည်ဖြစ်သည်။

ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင် ဦးဆောင်သင်ကြားမည့် လူငယ်ဘောလုံးသင်တန်းကို မတ် ၂၈ ရက်နှင့် ၂၉ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး လူငယ်ဘောလုံးသမား ၁၆၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။ ယင်းသင်တန်းတွင် အသက် ၁၂ နှစ်နှင့် ၁၃ နှစ်ရှိ အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူ ၁၂၀၊ ပြင်ပမှ ကလေးသူငယ် ၄၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။ မတ် ၂၉ ရက်ညနေတွင် MFF ယူ-၁၃ အသင်းနှင့် အက်ဒ်မီဆင်ကိုင်တွယ်မည့် လူငယ်ဘောလုံးအသင်းတို့ ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်က "ကျွန်တော့်အနေနဲ့ CBF Camp တည်ထောင်ထားရတဲ့ ရည်ရွယ်ချက်က ကလေးသူငယ်တွေရဲ့ အနာဂတ်ကို အကောင်အထည်ဖော်ပေးနိုင်ဖို့ဖြစ်ပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း ငယ်ငယ်တုန်းက အခက်အခဲတွေ အများကြီး ရင်ဆိုင်ခဲ့ရပါတယ်၊

**စာမျက်နှာ ၁၀ ကော်လံ ၄ သို့**



ဘရာဇီးလက်ရွေးစင်ကစားသမားဟောင်း အက်ဒ်မီဆင်(လယ်)နှင့် နည်းပြအဖွဲ့ဝင်များအား တွေ့ရစဉ်


"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ရွှေပင်နားမှ ရွှေကျေး
■ နှစ်စဉ်နှစ်တိုင်း၊ တနိုင်ငံလုံး မြန်မာစာ ပထမဆုရှင် တပည့်ရင်းများနှင့် တစ်နိုင်ငံလုံး ဘာသာစုံရမှတ် အများဆုံးစာရင်းဝင် တပည့်ရင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းခဲ့ပြီး၊ ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခံပြီးဖြစ်သည်။
■ ကြိုတင်လာ၍ အသေအချာ လာရောက်ကြည့်ရှုပြီး၊ လေ့လာပြီးမှ အပ်နှံသင့်ပါသည်။
■ ကြိုတင် အပ်နှံမှုသာ တစ်နေရာစာ မုချ သေချာပါမည်။ (KG မှ တက္ကသိုလ်ဝင်တန်း အထိ)
■ ဂုဏ်ထူးများရဲ့၊ ရမှတ်များရဲ့သာမက နိုင်ငံ့သားကောင်း ဖြစ်လာစေရေးကို ပန်းတိုင်အဖြစ်ထားသည်။
■ စခန်းသွင်း ဘော်ဒါ၊ နေ့တက် ဘော်ဒါ၊ နေ့တက် သီးသန့်သင်တန်းများ(အဆင်ပြေရာ) တစ်ခုတွင် သင်ယူနိုင်သည်။
မေ ၃၀ ရက် ဖွင့်ပြီ
ပညာရေးအဆင့်မြင့် စခန်းသွင်းဘော်ဒါနှင့် နေ့တက်ဘော်ဒါ
ကျောင်းလိပ်စာ
မြေအမှတ် ၂၀ (A)+၂၀ (B)၊ ဝေဇယန္တာလမ်းမကြီး၊ ဥဿဖြိုတ်အိမ်ရာ၊ (ORANGE SUPER MART ညာဖက်) သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄၂၀၃၀၇၂၇၊ ၀၁ ၅၇၀၀၂၂
အထွေထွေအုပ်ချုပ်ရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်တင် M.Sc(Final)
◆ ဒီကျောင်းကိုမှ တကူးတကန့် ရွေးတက်ကြတာ ဒီဆရာတွေ အပြောင်းအလဲ မရှိ နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
◆ ဂုဏ်ထူးဦးသိန်းနိုင်
◆ ဆရာနေအုပ်(စိန်ပေါ်လ်)
◆ ဂုဏ်ထူးဦးအောင်ခိုင်
◆ ဒေါက်တာညီညီ(Ph.D)
◆ ပါမောက္ခ ဒေါက်တာထွန်းခင်
◆ ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
◆ ဆရာ ဇော်လင်းအောင်
◆ ဒေါက်တာ ငီဝ (Dr. ညီညီနိုင်)
◆ စိုင်းစိန်မြင့်အောင်
အထူးသတင်း...
ဝေဇယန္တာ လမ်းမကြီးတလျှောက် Air-Con YBS(၉၃)ကားကြီးတွေ ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။ အစစ အလွန် အဆင်ပြေလှပါတယ်။
နေ့တက် ဘော်ဒါကျောင်းသား လူဦးရေ ကန့်သတ် ထားသည်၊ လူပြည့်တော့မည်။
အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDE များနှင့် အမျိုးသား အဆောင်မှူး ဆရာများ အမြန် အလိုရှိသည်။